# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 August 2019 ၉၇၄၈


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမျိုးသန့်ဖေနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမြင့်သူတို့အား လမ်းညွှန်မှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမျိုးသန့်ဖေနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမြင့်သူတို့အား လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမျိုးသန့်ဖေနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးမြင့်သူတို့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့်မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

## တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေး မြန်မာ - ဂျပန် - အမေရိကန် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကျင်းပ မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ရန်ကုန် ဩဂုတ် ၂၀**

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အဆိုပါ ဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

### ကြေးမုံ ယနေ့ ဖတ်စရာ


မင်းတပ်မြို့၏ အနီးပတ်ဝန်းကျင် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စီမံလျာထား
ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

မတူပီမြို့နယ် လေကန်းကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်
အမျိုးသားလွှတ်တော် စာမျက်နှာ » ၇

A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူ Technician များ ပျိုးထောင်ပေးရာ အင်းစိန် GTI
စာမျက်နှာ » ၁၀



C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

# ရန်ကုန်မြို့ပတ်ရထားအဆင့်မြှင့်တင်ရန် စက်ခေါင်းစက်ရုံသစ်တည်ဆောက်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ် အင်းစိန်စက်ခေါင်းစက်ရုံအနီးတွင် စက်ခေါင်းစက်ရုံသစ်ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း မြို့ပြအင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က ပြောသည်။

**ပြုပြင်ထိန်းသိမ်း**

"လက်ရှိ ကျွန်တော်တို့က မြို့ပတ်အင်းစိန်စက်ခေါင်းစက်ရုံပါ။ အဲဒီအထဲမှာ ရထားလမ်း ၁၁ လမ်းရှိပါတယ်။ လက်ရှိ ကျွန်တော်တို့မြို့ပတ်ရထားမှာပြေးဆွဲနေတဲ့ တွဲဆိုင်းတွေ ညဘက်ဆိုရင် ဒီမှာသိပ်ပါတယ်။ ဒီတွဲဆိုင်းတွေကို ပြုပြင်တာတွေ၊ စစ်ဆေးတာတွေ၊ လောင်စာဖြည့်တာတွေ၊ ရေဖြည့်တာတွေ လုပ်ပါတယ်။ အဲဒါလုပ်ပြီးတော့ နေ့စဉ် အခေါက် ၂၀၀ လောက် ပြေးဆွဲနေပါတယ်။ အခု ဒီမြို့ပတ်စက်ခေါင်းစက်ရုံအနီးမှာ စက်ခေါင်းစက်ရုံအသစ် တည်ဆောက်နေတာပါ။ အဲဒါ မြို့ပတ်ရထားလမ်း အဆင့်မြှင့်ပြီးတာနဲ့ တွဲဆိုင်းအသစ်တွေ ရောက်လာမယ်။ အဲဒီတွဲဆိုင်းတွေကို ပြုပြင်ထိန်းသိမ်းတဲ့အလုပ်တွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးမောင်မောင်သွင်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားအဆင့်မြှင့်တင်ခြင်းကို အပိုင်း သုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် မြို့ပတ်လမ်းတစ်လျှောက် ရထားလမ်းများ၊ ရေနုတ်မြောင်းများ၊ တံတားများ၊ ပလက်ဖောင်းများ၊ လူကူးလမ်းများ အဆင့်မြှင့်တင်မှုအပိုင်း၊ ဒုတိယအနေဖြင့် ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများ အဆင့်မြှင့်တင်မှုအပိုင်းနှင့် အချက်ပြမီးပွိုင့်များ အဆင့်မြှင့်တင်မှုအပိုင်းတို့ ပါဝင်ကြောင်း သိရသည်။

**အဆင်ပြေစွာခရီးသွားလာနိုင်**

လက်ရှိ မြို့ပတ်ရထားစက်ခေါင်းစက်ရုံအဟောင်းတွင် တွဲဆိုင်း ၃၇ ဆိုင်းကို နေ့စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး စက်ခေါင်းစက်ရုံအသစ် ပြီးစီးသွားပါက တွဲဆိုင်း ၉၈ ဆိုင်းအထိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဟောင်းနွမ်းနေသော တွဲဆိုင်းများနေရာတွင် အဲကွန်းတွဲဆိုင်းများဖြင့် အစားထိုးသွားမည် ဖြစ်ကြောင်း ဦးမောင်မောင်သွင်က ရှင်းပြသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း အင်ဂျင်နီယာလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် မေလတွင် အပြီးဆောင်ရွက်ပြီး အချက်ပြစနစ်ကို နှစ်နှစ်ကြာ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ်တွင် အလုံးစုံ အဆင့်မြှင့်တင်မှုပြီးစီးမည်ဖြစ်သည်။

**မြင့်မောင်စိုး**

# မွန်ပြည်နယ် ရေဘေးသင့်သူများအတွက် သွားရောက်ထောက်ပံ့



**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော် ပျဉ်းမနားမြို့ရှိ မိုးစေတနာပရဟိတအသင်း (ပျဉ်းမနားရုံးခွဲ)က ဩဂုတ် ၁၈ ရက်တွင် ကျိုက်မရောမြို့နယ် လမုခိုရွာရှိ အိမ်ခြေ ၃၀၀ အတွက် ဆန်၊ ဆီ၊ အဝတ်အထည်အမျိုးမျိုး၊ ခြင်ထောင်၊ စောင်၊ ခေါက်ဆွဲခြောက်၊ အစားအစာ မုန့်မျိုးစုံ၊ ရေသန့်ကတ်များကို ရေဘေးသင့် ပြည်သူများ၏ လက်သို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဂီတဖျော်ဖြေပွဲ မုံရွာမြို့တွင် ကျင်းပမည်

**မုံရွာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသွားရန်စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်ထံမှ သိရသည်။

နိုင်ငံအချင်းချင်းအကြား ပိုမိုအားကောင်းသည့် စီးပွားရေးဖွံ့ဖြိုးမှုကို အတူတကွဖော်ဆောင်နိုင်ရန်နှင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရေး အတူလက်တွဲဖော်ဆောင်နိုင်ရန်အတွက် ရည်ရွယ်၍ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်အတွင်းရှိ အနုပညာရှင်များ၊ ဌာနဆိုင်ရာများမှ ဘောလုံးဝါသနာရှင်များပါဝင်သည့် ဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အနုပညာရှင်များ၊ ဌာနဆိုင်ရာများမှ ဘောလုံးဝါသနာရှင်ဘောလုံးအသင်းတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲနှင့် ဂီတဖျော်ဖြေပွဲကို ကျင်းပခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်မှ အနုပညာရှင်များ၊ ဌာနဆိုင်ရာများမှ ဘောလုံးဝါသနာရှင်များ ပါဝင်သည့် ချစ်ကြည်ရေးအဖွဲ့ ၄၈ ဦးပါဝင်သော အဖွဲ့သည် မုံရွာမြို့သို့ စက်တင်ဘာ ၁၄ ရက်တွင် ရောက်ရှိမည် ဖြစ်သည်။ **ဝင်းဦး(ဗေဿတိုင်း)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၅၉၈ | ၇,၁၇၆,၀၀၀ |
| MTSH | ၄,၁၀၀ | ၄,၁၀၀ | ၂၀,၃၄၀ | ၈၃,၃၉၄,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၅၁၇ | ၄,၃၄၂,၈၀၀ |
| FPB | ၂၆,၅၀၀ | ၂၆,၀၀၀ | ၄၈၂ | ၁၂,၅၃၂,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၅၀ | ၉၂၁ | ၂,၇၉၄,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂၀**

ရန်ကုန်(ရွှေဈေး) ၁၂၂၉၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၈၉၀ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၉၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၀၀ ကျပ် | ၉၂၀/၉၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၀/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၃.၉ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၇.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၅.၇၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၄၃၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၃၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၃၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၃၁.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၀၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၉.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

# ပြုသူနှင့်ဖျက်သူ၊ ကုသိုလ်နှင့် အကုသိုလ်

ပြုလုပ်မှုကို လောကဝေါဟာရအားဖြင့် "အလုပ်"ဒေသနာ ဝေါဟာရအားဖြင့် "ကံ"ဟု ဆိုသည်။ ကောင်းသောကံကို ကုသိုလ်ဟုဆိုပြီး မကောင်းသောကံကို အကုသိုလ်ဟုဆိုသည်။ တစ်နည်းဆိုလျှင် ကောင်းသောအလုပ်သည် ကောင်းသောကံ၊ ကုသိုလ်ဖြစ်စေပြီး မကောင်းသောအလုပ်သည် မကောင်းသောကံ၊ အကုသိုလ်ဖြစ်စေသည်။ မိမိပြုလုပ်ခဲ့သောအလုပ်ကြောင့် ကောင်းကံ၊ ဆိုးကံဖြစ်ပေါ်လာရသည်။

ကံအကြောင်းကိုဖြစ်စေသည့် အလုပ်တို့ကိုပြုလုပ်ရာတွင် မှားသောအလုပ်၊ မှားသောကျင့်စဉ်သည် ရယူပိုင်ဆိုင်ခြင်း(လောဘ)ကိုဗဟိုပြုသည်။ မှန်ကန်သောအလုပ်၊ မှန်ကန်သောကျင့်စဉ်သည် လောကငြိမ်းချမ်းသာယာရေးအတွက် စွန့်လွှတ်ကူညီခြင်း (အလောဘ)ကို ဗဟိုပြုသည်။ ကောင်းသောအလုပ်၊ ကောင်းသောကံကိုဖြစ်စေသော ကောင်းမှုပြုခြင်းနှင့်ပတ်သက်၍ မဇ္ဈိမပဏ္ဏာသပါဠိတော် ကုက္ကုရဝတိကသုတ်၌ မြတ်စွာဘုရားက ဤသို့ဟောကြားထားသည်။

မိမိတို့ ပြုထားသောကံဟူသမျှတို့သည် အောက်ပါအုပ်စုလေးခုတွင် တစ်ခုခု၌ ပါဝင်ရသည်သာဖြစ်သည်။ (၁) အမည်းအကျိုးကိုပေးသော အမည်းကံ၊ (၂) အဖြူအကျိုးကိုပေးသောအဖြူ ကံ၊ (၃) အမည်းနှင့်အဖြူရော၍ အကျိုးပေးသောအမည်းနှင့် အဖြူရောသောကံ၊ (၄) အမည်းနှင့်အဖြူရော၍ အကျိုးမပေးသော အမည်းအဖြူမဟုတ်သောကံတို့ဖြစ်သည်။

ထိုကံလေးမျိုးတို့တွင် အမည်းကံဟူသည် ဒုစရိုက်ကံသက်သက်ဖြစ်သည်။ မကောင်းကျိုးသက်သက်ကိုသာ ပေးသည်။ အဖြူကံဟူသည် သုစရိုက်ကံသက်သက်ဖြစ်သည်။ ထိုကံသည် ကောင်းကျိုးသက်သက်ကိုသာ ပေးသည်။ အမည်းနှင့်အဖြူရောသောကံသည် မကောင်းကျိုးနှင့်ကောင်းကျိုးရော၍ပေးသောကံဖြစ်သည်။ ဒုစရိုက်နှင့်သုစရိုက်ရောသောကံဖြစ်သည်။ အမည်းအဖြူ မဟုတ်သောကံသည် ဝိပဿနာကံနှင့် မဂ်ကံတို့ဖြစ်သည်။ အရိယာသူတော်ကောင်းတို့သာ ဖြည့်ကျင့်ကြသည်။

ဤလူ့ဘောင်လောက၌ ပုထုဇဉ်လူသားအားလုံးတို့သည် အထက်ပါကံသို့မဟုတ် အထက်ပါအလုပ်သုံးမျိုးတို့အနက် တစ်မျိုးမဟုတ် တစ်မျိုးကို လုပ်ကိုင်နေကြသည်ကို ဆန်းစစ်လေ့လာကြည့်နိုင်သည်။ လမ်းတံတားဆောက်ခြင်းသည် ကောင်းသောအလုပ်၊ ကောင်းသောကံဖြစ်ပြီး လမ်းတံတားဖျက်ဆီးခြင်းသည် မကောင်းသောအလုပ်၊ မကောင်းသောကံဖြစ်သည်။ မှန်ကန်သောအလုပ်ကို လုပ်ကိုင်ကြသောသူတို့သည် လောကငြိမ်းချမ်းသာယာရေးအတွက် စွန့်လွှတ်အနစ်နာခံခြင်းပြုလုပ်ကြသည်။ မှားသောအလုပ်ကိုလုပ်သူတို့သည် လောကပျက်စီးကြောင်းကို ပြုကြသည်။

မကြာသေးမီရက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်သိန်းနီမြို့နယ်နှင့် ကွမ်းလုံမြို့နယ်အတွင်းရှိတံတားများ မိုင်းခွဲဖျက်ဆီးခြင်းခံခဲ့ရသည်။ ဖျက်ဆီးခံရသောတံတားများသည် နယ်စပ်ကုန်သွယ်ရေးစခန်းများ အားထားရသောတံတား၊ တစ်နေ့လျှင် ဒေါ်လာ ၁၅ သန်းဖိုးကုန်သွယ်မှုပြုလုပ်သော လမ်း၊ တစ်နေ့လျှင် ကားအစီးရေ ၅၀၀၀ ကျော်ဖြတ်သန်းသောလမ်းဖြစ်၍ ကုန်စည်စီးဆင်းမှုခေတ္တရပ်တံ့ပြီး အများပြည်သူအကျိုးစီးပွားများ ထိခိုက်နစ်နာမှုများဖြစ်ခဲ့သည်။ ယင်းကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြုသူနှင့် ဖျက်သူ၊ ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်၊ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့ကို ခွဲခြားရှုမြင်ကာ လောကငြိမ်းချမ်းသာယာရေးအတွက် ကောင်းသောအမှုများကို ရွေးရှုဆောင်ကြဉ်းပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် အဖွင့်အမှာစကား ပြောကြားစဉ်။



❖ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်း အသီးသီးရှိ

❖ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု အမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိ

◆ ရှေ့ဖုံးမှ

အမေရိကန်ကုန်သည်ကြီးများအသင်း၊ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် အမေရိကန်စီးပွားရေးဝန်ဆောင်မှုအဖွဲ့တို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်**

အဆိုပါဖိုရမ်အား မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan-MIPP)တို့အရ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများအား သိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်း အသီးသီးရှိသည်။

**ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်**

ဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ တိုးတက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု အမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကို တွေ့နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုပါကြောင်း၊ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော Suzuki နှင့် Toyota တို့အပြင် Yakult Probiotic drink လုပ်ငန်းလည်း ပါဝင်ပါကြောင်းနှင့် မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံ**

ဆက်လက်၍ အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် General Electric၊ Chevsron နှင့် Ford ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံ Overseas Private Investment Corporation မှ မြန်မာနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Apollo Towers ကုမ္ပဏီမှတစ်ဆင့် မြန်မာ့ဆက်သွယ်ရေးအတွက် လိုအပ်လျက်ရှိသော တာဝါတိုင်ပေါင်း ၁၈၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း ပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ မေးမြန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိုရမ်သို့ တက်ရောက်လာကြသည့် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာ မေးမြန်းခဲ့သည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ပေးခြင်း၊ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) အား မိတ်ဆက်ခြင်းနှင့် စီမံချက်ဘဏ် (Project Bank) နှင့် မြေယာဘဏ် (Land Bank) တို့အကြောင်းကို အလေးထား ပြောကြားခဲ့ပြီး အဆိုပါ ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ် နှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအလားအလာများ တိုးတက်လာစေရေးအတွက် စီစဉ်ဆောင်ရွက်မှုများအား မြန်မာ့ဆိုင်းဝိုင်း၏ အစီအစဉ်ကျနပုံကို ဥပမာပေးလျက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုလည်း အစီအစဉ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

စာမျက်နှာ ၄ သို့ ◆




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့ စကားဝိုင်းဆွေးနွေးမှု ပြုလုပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းစဉ်။

◆ စာမျက်နှာ ၃ မှ

ဆက်လက်၍ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းအသစ်များနှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးမှုအစီအစဉ်ကို ဆက်လက်ပြုလုပ်သည်။

ပထမစကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့မှ အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရေးအတွက် **"ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ကိုင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ အဓိက ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ၎င်းစိန်ခေါ်မှုများအတွက် မြန်မာ-ဂျပန်-အမေရိကန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု"** ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများမှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လိုအပ်သည့် အခွင့်အလမ်းအဖြစ် ယူဆနိုင်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက **"ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ အခန်းကဏ္ဍနှင့် မြန်မာ့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ကြုံတွေ့နေရသည့် ၎င်းတို့၏ စိန်ခေါ်မှုများ"** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ရန် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားနိုင်ရေး အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိဂုံးချုပ်အမှာစကားပြောကြား၍ ဖိုရမ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပခဲ့သော International Army Games-2019 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၉ ရက် ညပိုင်းတွင် မော်စကိုမြို့မှ ပြန်လည်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကိုကိုရှိန်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက Domodedovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Mr.Andrey Baronov၊ စစ်သံမှူး Colonel Eduard OKLADNIKOV နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခရီးစဉ်အတွင်း International Army Games-2019 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရုရှားနိုင်ငံ စစ်ဘက်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်းနှင့် အထင်ကရနေရာများသို့သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) Mr. Suchart Tonjaroen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီခွဲတွင် ထိုင်းလေကြောင်းလိုင်းဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံး တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁) အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁)နှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ သဘင်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးကျရောက်လျက်ရှိသည့် ဒေသများနှင့် မြန်မာအလုပ်သမားများကို ကူညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁)နှင့်အဖွဲ့သည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ (၁၂)ရက်မြောက်နေ့ အစည်းအဝေးကျင်းပနေမှုကို ဧည့်သည်တော်အဖြစ် တက်ရောက်လေ့လာကြသည်။

**တည်ခင်းဧည့်ခံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဧည့်သည်တော် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ Aureum Palace Hotel ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

## မြန်မာ့ပင်လယ်ပြင်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁)နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် အကြိမ်(၄၀)မြောက် အာဆီယံပါလီမန်များ ညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်သည် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁) Mr. Suchart Tonjaroen နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ သဘင်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ထိုင်း နှစ်နိုင်ငံလွှတ်တော်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေး၊ ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံပါလီမန်များ အစည်းအဝေး 40th AIPA General Assembly နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဦးဘိုဘိုဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ ဒေါ်နော်လှလှစိုး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မင်းတပ်မြို့၏ အနီးပတ်ဝန်းကျင် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စီမံလျာထား

**နေပြည်တော် ဩဂုတ် ၂၀**

မင်းတပ်မြို့၏ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စီမံလျာထားကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **"မင်းတပ်မြို့၏ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပလိပ်တွီကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မင်းတပ်မြို့နယ် မြောက်ဘက်ခြမ်းနှင့် အရှေ့မြောက်ဘက်ခြမ်းရှိ ပလိပ်တွီနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ မင်းတပ်-ပလိပ်တွီဓာတ်အားလိုင်း Survey တိုင်းတာခြင်းလုပ်ငန်းနှင့် ပလိပ်တွီကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ မင်းတပ်မြို့တွင် ၆၆/၃၃ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းနှင့် မင်းတပ်-ပလိပ်တွီ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၂ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်ရန် စီမံချက်လျာထားရေးဆွဲပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။


ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း၏ **"နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် PARDON သို့တည်းမဟုတ် လွတ်ငြိမ်းချမ်းသာခွင့် AMNESTY ဖြစ်သည်ကို ကွဲပြားစွာ သိလိုခြင်းနှင့် ၉-၅-၂၀၁၉ ရက်စွဲပါ သတင်းထုတ်ပြန်ချက်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးရေးအတွက် အကျဉ်းသား၊ အကျဉ်းသူများ လွှတ်ပေးရန် စနစ်တကျစိစစ်ခဲ့သည့် မူဝါဒများကို ရှင်းလင်းစွာ သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက နိုင်ငံတော်သမ္မတသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ပေးပိုင်ခွင့်ရှိခြင်းကြောင့်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)ပါ "ပြစ်မှုတစ်စုံတစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူသည့် စည်းကမ်းချက်တစ်ခုခုထား၍ဖြစ်စေ ၎င်းအပေါ်ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ၎င်းကိုစီရင်သည့် ပြစ်ဒဏ်အားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်သည်" ပြဋ္ဌာန်းချက်အရလည်းကောင်း လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၂၀၄( ခ )အရ လွတ်ငြိမ်းချမ်းသာခွင့်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတက ပေးနိုင်

နိုင်ငံတော်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန် တည်ဆဲဥပဒေများကို ချိုးဖောက်၍ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်အပြစ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် လွတ်ငြိမ်းချမ်းသာခွင့်တို့ပြုခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၏ ပြယုဂ်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အရေးပါသောနေ့ကြီးများနှင့် ကုသိုလ်ကောင်းမှုပြုရမည့်နေ့ကြီးများတွင် အထိမ်းအမှတ်အဖြစ် ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို နိုင်ငံတော်သမ္မတ၏သဘောဆန္ဒဖြင့်ပေးနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄( ခ )အရ လွတ်ငြိမ်းချမ်းသာခွင့်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတက ပေးနိုင်ပါကြောင်း။

သို့ပါ၍ နိုင်ငံတော်မှ ၂၀၁၉ ခုနှစ် ဧပြီနှင့် မေလတို့တွင် အကျဉ်းထောင် အသီးသီး၌ ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၃၀၁၉ ဦးကို စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်(၃)ကြိမ်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါကြောင်း၊ ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့သည့် အသက် ၈၀ နှစ်နှင့်အထက်၊ အသက် ၇၅ နှစ်မှ ၈၀ နှစ်အောက်ရှိသည့် အကျဉ်းသား အကျဉ်းသူများ၊ နာတာရှည်ကျန်းမာရေးမကောင်းသည့် အကျဉ်းသား အကျဉ်းသူများ၊ နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူများ၊ လူငယ်အကျဉ်းသား အကျဉ်းသူများ၊ မတရားအသင်း ၁၇ (၁)၊ ၁၇(၂)နှင့် အခြားတွဲ၊ မူးယစ်မှုများ၊ တပ်မတော်အက်ပုဒ်မဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့်



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်


ချီဖွေမဲဆန္ဒနယ်မှ
ဦးဇုံးတိန့်


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်သူ


ဇီးကုန်းမဲဆန္ဒနယ်မှ
ဦးဉာဏ်ထွန်း


ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်


မင်းတပ်မဲဆန္ဒနယ်မှ
ဦးနေလင်းအောင်

အကျဉ်းသားများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက စိစစ်ရွေးချယ်သူများ၊ ရဲစည်းကမ်းပုဒ်မဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ရွေးချယ်သူများနှင့် စပ်လျဉ်းသော မူဝါဒအသေးစိတ်အချက်များသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လျှို့ဝှက်ချက်အဖြစ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က) တွင်ပါရှိသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသည်ကို ကျင့်သုံး၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)နှင့်အညီ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ နာမကျန်းဖြစ်ပွားမှုနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများကို အချိန်မီ ဆေးဝါးကုသဆောင်ရွက်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၏ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ ကျန်းမာရေးဆေးကုသမှုခံယူရာတွင် အဆင်ပြေလွယ်ကူချောမွေ့စွာ ကုသနိုင်စေရန် ရန်ကုန်နှင့် မန္တလေး အစရှိသည့် မြို့ကြီးများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆေးရုံ(ရဲဆေးရုံ) တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ နာမကျန်းဖြစ်ပွားမှုနှင့် မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများကို အချိန်မီဆေးဝါးကုသဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်ဖွဲ့ကွပ်ကဲမှုအဖွဲ့များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များ၊ မြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းတို့၏ ဖွဲ့စည်းပုံများ၌ တပ်ဖွဲ့ဝင် သူနာပြုဆေးအဖွဲ့ဝင်များ ထည့်သွင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းပုံခွင့်ပြုပေးခဲ့ရာ ဆေးတပ်ဖွဲ့ဝင် အရာထမ်းငါးဦး၊ အမှုထမ်း ၂၆၀၅ ဦး စုစုပေါင်း ၂၆၁၀ ဖြင့် သူနာပြုတပ်ဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ သူနာပြုတပ်ဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှစ၍ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ အမျိုးသမီးတပ်ဖွဲ့ဝင်များအား သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်းသို့ သင်တန်းသူ ၂၀၀ နှင့် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်းသို့ သင်တန်းသူ ၄၄ ဦးတို့ကို တက်ရောက်စေခဲ့ပါကြောင်း၊ ၎င်းသင်တန်းများမှ သင်တန်းဆင်းလာသည့် အမျိုးသမီးတပ်ဖွဲ့ဝင် ၉၀ ကို သူနာပြုတပ်ဖွဲ့ဝင်အဖြစ်ခန့်အပ်၍ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲနှင့် ရဲလေ့ကျင့်ရေးကျောင်းများတွင် တာဝန်ချထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ၏ ကျန်းမာရေးဆေးကုသမှုခံယူနိုင်ရေးအတွက် လတ်တလောအခြေအနေအရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆေးရုံ (ရဲဆေးရုံ) ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **"နယ်ခြားစောင့်တပ် (၁၀၀၁) မှ သိမ်းယူထားသော လှေကားထစ် လယ် ၂၄ ဧကအတွက် နစ်နာကြေးငွေပေးရန် စီစဉ်ထားမှု ရှိ၊ မရှိနှင့် သိမ်းဆည်းထားပြီးသော ဧရိယာထဲမှ အသုံးမပြုသည့်မြေများ ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ရှင်းလင်းဖြေကြားသည်။

## မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းလေမုတ်ကျေးရွာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း

ထို့ပြင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၏ **"မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းလေမုတ်ကျေးရွာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **"ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာရှိ အသေးစားရေအားလျှပ်စစ်စက်ရုံအား ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန်အတွက် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၏ **"ဂွမြို့နယ် ဆတ်သွားချောင်း သပြာဆိပ်တွင် ဖမ်းဆီးရမိခဲ့သည့် သစ်တင်လှေအား သစ်တောဝန်ထမ်း၊ ရဲဝန်ထမ်းများ လက်သို့ အပ်နှံခဲ့ပြီးမှ လွတ်မြောက်သွားခြင်းအား မည်ကဲ့သို့အရေးယူမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြေပြင်ကွင်းဆင်းစစ်ဆေး၍ ပြန်လည်ရှင်းလင်းဖြေကြားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၇၀ ကို အတည်ပြုရန် လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၇၀ နှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း"**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်း၊ ပြည်သူ့လွှတ်တော် နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်**

**ဓာတ်ပုံ-ထိုက်ထိုက်**

# မတူပီမြို့နယ် လေကန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ ဥပဒေကြမ်း ၃ ခုနှင့် အဆို ၁ ခု တို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ မြစ်ရေဝင်အရပ်နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ခြေဒေသရှိ ကျေးရွာအချို့တွင် ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)များ ထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုပေးမည်ဆိုပါက အချက် ၆ ချက်နှင့် ညီရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ခက်ခဲသည့် ဒေသများတွင် လျှော့ပေါ့စဉ်းစားပါကြောင်း၊ ကျေးရွာ ၂၃ ရွာကို လေ့လာသည့်အခါ သတ်မှတ်ထားသည့်လူဦးရေထက် အလွန်နည်းပါးပါကြောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူးအနေဖြင့် လတ်တလော လိုအပ်မှုမရှိပါကြောင်းကို တင်ပြပါကြောင်း၊ ထို့ကြောင့် ထိုကျေးရွာ ၂၃ ရွာကို လောလောဆယ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ မြေစွန်းတော်အုပ်စု ရွှေလုံကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်ရန်အတွက် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့က သဘောတူပြီး ဖြစ်ပါကြောင်း။

မိုးကွဲကျေးရွာ၊ ထန်းတပင်ကျေးရွာနှင့် ဘောင်ဘဲ့တန်းကျေးရွာစုစုပေါင်း ကျေးရွာ ၃ ရွာသည် လူဦးရေလည်းများပြားပြီး လမ်းပန်းဆက်သွယ်ရေးသည်လည်း ခက်ခဲပါကြောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် လုပ်ငန်းလိုအပ်ချက်ရှိကြောင်း ပြောကြားထားသဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ထိုကျေးရွာ ၃ရွာ၌ ကျန်းမာရေး ဌာနခွဲများ ဖွဲ့စည်းခွင့်ပြုမိန့် ရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ် လေကန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချင်းပြည်နယ် မတူပီမြို့နယ် လေကန်းကျေးရွာသည် ရေဇွာကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရှိပြီး မတူပီမြို့နယ်၏ မြောက်ဘက်တွင် ရှိပါကြောင်း၊ ထန်တလန်မြို့နယ်ရှိ ကျေးရွာများနှင့် ထိစပ်နေသည်ကို တွေ့ရပါကြောင်း၊ လေကန်းကျေးလက်ကျန်းမာရေး ဌာနခွဲသည် မြို့နယ်ဆေးရုံနှင့် မိုင် ၉၀ ကွာဝေးပါကြောင်း၊ ထို့ပြင် အနီးနားတွင်ရှိသည့် ရေဇွာကျေးလက်ကျန်းမာရေးဌာနနှင့် ၂၂ မိုင် ကွာဝေးပါကြောင်း၊ လူဦးရေနှင့် အိမ်ခြေများလည်း တိုးပွားလာနေသည်ကို တွေ့ရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည်ကို တွေ့ရသည့်အတွက် အခြေခံမူ ၆ ချက်တွင် ၃ ချက်နှင့်သာ ကိုက်ညီသော်လည်း ဒေသခံတိုင်းရင်းသားများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများခန့်ထားခြင်းတို့နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် မူဝါဒများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **ကမ္ဘာတစ်ဝန်း တိုးပွားလာသော ဝက်သက်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် ကပ်ရောဂါအသွင် ဖြစ်ပွားမလာအောင် မည်သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း**မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **ပြည်သူများကို ပြည့်စုံသော ကျန်းမာရေးဝန်ဆောင်မှုပေးရန်အတွက် နိုင်ငံတော်အဆင့် မူဝါဒချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၏ Consultant **အတိုင်ပင်ခံအဆင့် အထူးကုရောဂါ ဆရာဝန်များအား တိကျရှင်းလင်းသော တာဝန်ခွဲဝေမှုပေးနိုင်ရန် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း

ထို့နောက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများ ထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံး ရေကန်များ၊ ဆည်ငယ်၊ တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ သဘာဝဂေဟစနစ်မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## မြစ်ကြီး၊ မြစ်ငယ်၊ ချောင်း စီးဆင်းနေသည့် ရေများကို အကျိုးရှိအောင် သုံးစွဲရန် စဉ်းစားစီမံသင့်

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း** က ရေချိုရှားပါးမှုသည် ကမ္ဘာ့လူဦးရေတိုးတက်ပြောင်းလဲလာမှုကြောင့် ပို၍ ခက်ခဲမည်ဟုလည်း တင်ပြလိုပါကြောင်း၊ မိမိတို့ တစ်နိုင်ငံလုံး၏ မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းစီးဆင်းနေသည့် ရေများကို အကျိုးမရှိ ပင်လယ်အတွင်းသို့ စီးဆင်းစေမည့်အစား အကျိုးရှိအောင်သုံးစွဲရန် စဉ်းစားစီမံသင့်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မိုးရေချိန်လက်မ ၅၀ နှင့် ၁၀၀ ရွာသွန်းသည့်ဒေသများတွင် ကန်၊ ဆည်နှင့် ရေခံခြင်း၊ အချို့ မြို့နှင့်ရွာများတွင် မိုးရေများကို စဉ့်အိုးများ၊ အုတ်ကန်ငယ်များဖြင့် ရေသိုလှောင်သည့် ဓလေ့များရှိသည့်အတွက် နိုင်ငံတော်အနေဖြင့် အားပေးခြင်း၊ ပညာပေးခြင်းနှင့် နှိုးဆော်ခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်း၊ အဆိုရှင်တင်ပြသကဲ့သို့ ကန်ဟောင်းများဆယ်၍ ကန်သစ်များတူးခြင်း၊ ကန်ပေါင်ပြင်ခြင်း၊ တမံငယ်၊ ဆည်ငယ်များ တည်ဆောက်ခြင်းတို့သည် ရှေးဘုရင်များ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပါဝင်ဦးဆောင်ပေးခြင်း၊ လိုအပ်သည့်နည်းပညာများ မျှဝေခြင်း၊ ယန္တရားအင်အားများ ပံ့ပိုးပေးခြင်းတို့ကို ယခုထက်ပို၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသင့်သည့်အတွက် အဆိုကိုထောက်ခံတင်ပြပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း**က မိမိတို့နိုင်ငံတွင် ရှေးအစဉ်အဆက်အသုံးပြုခဲ့သည့် မိုးရေကန်များ နိုင်ငံတစ်ဝန်းရှိ နေရာဒေသများတွင်ရှိပါကြောင်း၊ အဆိုပါ ကန်များကို ပြန်လည်အဆင့်မြှင့်တူးဖော်ရန် လိုအပ်ပါကြောင်း၊ ရေစီးရေလာကောင်းရေးအတွက် ရေဝင်လမ်းများကို ရှင်းလင်းပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ ကန်များကို တူးဖော်ဆောင်ရွက်ခြင်းဖြင့် ရေချိုစုဆောင်းနိုင်မည် ဖြစ်ပါကြောင်း၊ အနာဂတ်ရေရှားပါးနိုင်မှု အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသလိုအပ်ချက်အပေါ်မူတည်၍ ရရှိနိုင်မည့် ရေအရင်းအမြစ်များကို ဖော်ထုတ်ကာ ရေချိုသိုလှောင်ထိန်းသိမ်းနိုင်သော ရေလှောင်တမံများ တည်ဆောက်ပေးစေလိုခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရရှိလာသောရေကို သီးနှံစိုက်ပျိုးရာတွင်လည်းကောင်း၊ လူနှင့်သက်ရှိသတ္တဝါတို့အတွက် သောက်သုံးရေအဖြစ်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ပြီး လူနှင့်လူ့ပတ်ဝန်းကျင်တစ်ခုလုံးကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာနှင့် စာမေးပွဲဝင်ကြေးအတွက် ငွေသွင်းတံဆိပ်ခေါင်း ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှင့် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက စက်တင်ဘာ ၂ ရက်တွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် ၁၊ ၅၊ ၆၊ ၇၊ ၈ တို့ဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် ၂၊ ၃၊ ၄ တို့ဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိအမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများက စာမေးပွဲဝင်ကြေးငွေကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းကာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း၊ မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ် (၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ အမှတ်(၁၂)ရပ်ကွက် ပါရမီလမ်း အခြေခံပညာကျောင်းသုံးစာအုပ် သိုလှောင်ရုံအနီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် ရန်ကုန်မြို့ လသာလမ်း အမှတ်(၁၆၆) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် သြဂုတ် ၂၀**
ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူအား လက်ခံတွေ့ဆုံ

**နေပြည်တော် သြဂုတ် ၂၀**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးမြင့်သူအား ယနေ့နံနက် ၁၁ နာရီတွင် ရုံးအမှတ်(၂၈) ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အပါအဝင် ဂျပန်နိုင်ငံရှိ သတ္တု၊ ပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍဆိုင်ရာအဖွဲ့အစည်းများ၊ အမျိုးသားပြတိုက်၊ တက္ကသိုလ်၊ ရုက္ခဗေဒဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်များ၊ ဂျပန်နိုင်ငံအခြေစိုက်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍



လုပ်ငန်းစီမံကိန်း၊ သုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု၊ တိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လိုသည့်လုပ်ငန်း၊ နှစ်နိုင်ငံဝန်ကြီးဌာနအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လေထုအရည်အသွေး စောင့်ကြည့်ရေး၊ ကာဗွန်လျှော့ချရေးလုပ်ငန်းစဉ်ဆိုင်ရာ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စ၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့်လုပ်ငန်း၊ ဂျပန်နိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ် ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်များစေလွှတ်တက်ရောက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၉၂၁၁ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၉ သန်း လျော့နည်းခဲ့

**နေပြည်တော် သြဂုတ် ၂၀**
၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၄၇ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၁၆၄ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၂၁၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁၉၈ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၀၃၃ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၂၃၀ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာသန်း ၈၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ဒေါ်လာ ၈၆၉ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ သန်း လျော့နည်းခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၈၁၄.၆၉၆ | ၂၅၂၁.၇၇၃ | ၂၉၂.၉၂၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၃၂၈.၉၀၆ | ၁၅၈.၆၆၂ | ၁၇၀.၂၄၄ |
| ၃ | ရေထွက်ပစ္စည်းများ | ၆၄၂.၄၃၆ | ၆၀၃.၂၈၅ | ၃၉.၁၅၁ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၂၈၈.၄၆၀ | ၁၇၇၆.၆၄၈ | -၄၈၈.၁၈၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၄၃.၃၁၄ | ၁၆၁.၇၁၅ | -၁၈.၄၀၁ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၈၁၃၀.၉၉၁ | ၆၆၅၈.၁၄၆ | ၁၄၇၂.၈၄၅ |
| ၇ | အခြားပစ္စည်းများ | ၆၉၈.၆၈၄ | ၁၃၁၇.၄၈၇ | -၆၁၈.၈၀၃ |
| | **စုစုပေါင်း** | **၁၄၀၄၇.၄၈၇** | **၁၃၁၉၇.၇၁၆** | **၈၄၉.၇၇၁** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့ပါသည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၇၇၁.၁၆၁ | ၅၄၈၅.၃၉၀ | -၇၁၄.၂၂၉ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၆၇၆.၀၄၆ | ၅၈၃၇.၉၆၆ | -၁၆၁.၉၂၀ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၇၃၈.၉၉၀ | ၃၀၃၇.၉၄၃ | -၂၉၈.၉၅၃ |
| ၄ | CMP | ၁၉၇၇.၈၃၁ | ၁၆၇၁.၉၉၁ | ၃၀၅.၈၄၀ |
| | **စုစုပေါင်း** | **၁၅၁၆၄.၀၂၈** | **၁၆၀၃၃.၂၉၀** | **-၈၆၉.၂၆၂** |

**သတင်းစဉ်**

# Myanmar Tradenet 2.0 စနစ်အား မိတ်ဆက်ခြင်းနှင့် E-Trade Opportunities and Challenges in Myanmar နှင့်ပတ်သက်၍ အများပြည်သူထံ အသိပညာပေးရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် သြဂုတ် ၂၀**
Myanmar Tradenet 2.0 စနစ်အား မိတ်ဆက်ခြင်းနှင့် E-Trade Opportunities and Challenges in Myanmar နှင့်ပတ်သက်၍ အများပြည်သူထံ အသိပညာပေးရှင်းလင်းပွဲကို သြဂုတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းရပ်များ၊ National Single Window အထောက်အကူပြု Tradenet 2.0 အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ မိတ်ဆက်တင်ပြခြင်း၊ Trading Across Border နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းတို့ အပါအဝင် ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ကိစ္စရပ်များအား Public Private Dialogue ပုံစံဖြင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးအတွက် Awareness Workshop ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် MOI Website ၏ News Room ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဩဂုတ် ၂၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးရုံးရှိ MOI Website News Room အား တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် MOI Website အား လက်ပ်တော့ ကွန်ပျူတာဖြင့် စတင်ဖွင့်လှစ်ပေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က MOI Website ကို တာဝန်ယူဆောင်ရွက်နေမှုနှင့် News Room ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့် အပေါ် ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် သတင်းစီးဆင်းမှု လျင်မြန် ချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ **(ယာပုံ)** သုတေသန လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် Cyber Security လုပ်ငန်းစဉ်ကိုလည်း ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

MOI Website ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ အနေဖြင့် Webportal, Social Media(Facebook, Viber, Twitter) တို့မှ ပြည်တွင်း၊ ပြည်ပသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြမှု ဖြင့် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိရာ ယခုအခါ လူမှုမီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်တွင် ကြည့်ရှုသူ ၁ ဒသမ ၄ သန်းကျော်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း




**နေပြည်တော် ဩဂုတ် ၂၀**
မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့် ဒေသများ အတွက် ထောက်ပံ့မှုများဆောင်ရွက်ရာတွင် အသုံးပြု နိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)နှင့် မော်တော်ယာဉ်အသင်းများက စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၅၀၊ ရန်ကုန်မြို့မှ ဒေါက်တာဝေလင်းထွန်း မိသားစုက ငွေကျပ်သိန်း ၁၀၀၊ နတ်မောက်ပရဟိတအဖွဲ့ပေါင်းစုံ ကွန်ရက်နှင့် နတ်မောက်မြို့နယ်အသင်း (နေပြည်တော်) က ငွေကျပ် ၁၅၁၅၅၀၀၊ သီတာရေစင် ပရဟိတက ငွေကျပ် သုံးသိန်းနှင့် မူဆယ်မြို့ ဈေးရပ်ကွက် (ဈ-၁၃၀) နေ ဦးစိုင်းအေးသောင်-ဒေါ်ထင့်နိုင်၊ သမီးကြီး ဒေါ်အောင် သန္တာ MA(Eng) Victoria English Language Training Class က လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာအကြီးအကဲများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာအကြီးအကဲများ အစည်းအဝေး (DGICM)နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဌေးလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က အာဆီယံကို နိုင်ငံရေးအရ သဟဇာတ ဖြစ်ပြီး စီးပွားရေးအရပေါင်းစည်းကာ လူမှုရေးအရ တာဝန်ယူမှုရှိသည့် ပြည်သူကိုဗဟိုပြုသည့် အသိုက်အဝန်း တစ်ရပ်အဖြစ် ပေါ်ထွန်းလာရေးကို အာဆီယံမဏ္ဍိုင်ကြီး (၃)ရပ်၏ စုပေါင်းအင်အားဖြင့် ထပ်လောင်းအားဖြည့် လျက်ရှိပါကြောင်း၊ အာဆီယံ၏ ညှိနှိုင်းအဖြေရှာခြင်းနှင့် တူညီဆန္ဒအပေါ် အခြေခံခြင်းတို့သည် ယနေ့အာဆီယံ အဖြစ် တည်ရှိလာအောင် ဆောင်ကြဉ်းပေးနိုင်ရုံသာမက အခြားပြင်ပနိုင်ငံများ၏ ယုံကြည်မှုကိုပါ တည်ဆောက်ပေး နိုင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဆက်ဆံရေးသည်လည်း မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ပါကြောင်း။

**ထပ်လောင်းအတည်ပြု**

အာဆီယံအနေဖြင့် စီးပွားရေးပေါင်းစည်းမှု ပိုမို အားကောင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက် လျက်ရှိရာ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်နှင့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်ဝစွာရရှိရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၃၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များ တွင် အာဆီယံ၏ အရေးပါပုံကို ထပ်လောင်းအတည်ပြုခဲ့ သည့်အပြင် ကမ္ဘာပေါင်းစုံတွင် စဉ်ဆက်မပြတ်တည်တံ့ ခိုင်မြဲမှုရှိစေရေးအတွက် “စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး မိတ်ဖက်ပြုမှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ မျှော်မှန်းချက်” တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါ ကြောင်း၊ ယနေ့ကျင်းပသည့် DGICM အစည်းအဝေး သည်လည်း အာဆီယံအသိုက်အဝန်းတည်ထောင်ရေး လုပ်ငန်းစဉ်များတွင် ကဏ္ဍအလိုက်ဆွေးနွေးလျက်ရှိသော ဆွေးနွေးပွဲများအနက် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

DGICM အစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံ များအကြား သတင်းအချက်အလက်များ၊ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းများ၊ နယ်စပ် စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် ထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို မျှဝေဆွေးနွေးရန်ရည်ရွယ်ကာ အာဆီယံ လူဝင်မှုကြီးကြပ်ရေးနှင့် ကောင်စစ်ရေးရာကိုယ်စားလှယ် များစုဝေး၍ နှစ်စဉ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် ညှိနှိုင်းလုပ်ဆောင်ရန် အခွင့် အရေးများလည်းရရှိမည်ဖြစ်ပြီး ထိရောက်သော ပြောင်းလဲ မှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာခြင်းနှင့် ပတ်သက်၍ များပြားသော အကျိုးကျေးဇူးများကို ဖြစ်ပေါ် စေမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံအလိုက် အဆင့်မြင့်အရာရှိကြီးများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်**

ထို့နောက် (၂၂)ကြိမ်မြောက် DGICM ၏ ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော မလေးရှားနိုင်ငံမှ DGICM ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် YBhg Dato Mohd Zulfikar Bin Ahmad က (၂၃)ကြိမ်မြောက် DGICM ၏ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်မည့် မြန်မာနိုင်ငံမှ DGICM ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဌေးလှိုင်အား ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်း ပေးအပ်ပြီး အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

(၂၃)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာ အကြီးအကဲများအစည်းအဝေး (DGICM)နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၃)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေး အဓိက စစ်ဆေးရေးဂိတ်များ၏ အကြီးအကဲများဖိုရမ် (AMICF) နှင့် (၁၅)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ထောက်လှမ်းရေးဆိုင်ရာဖိုရမ်(AIIF)တို့ကို ဩဂုတ် ၁၉ ရက်တွင်ကျင်းပခဲ့ပြီး (၁၅)ကြိမ်မြောက် DGICM နှင့် ဩစတြေးလျ ဆွေးနွေးညှိနှိုင်းပွဲကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ရုပ်သံလွှင့်ကုမ္ပဏီများအကြား ပေးသွင်းရမယ့် ငွေများကတော့ တစ်စုံတစ်ရာဆုံးရှုံးခဲ့ခြင်းမျိုး မရှိခဲ့ပါဘူးလို့ ပြောကြားလို

**သတင်းအဖွဲ့**

**ဩဂုတ် ၁၉ ရက်ကကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၁/ ၂၀၁၉) တို့အပေါ် ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်ကြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည် -**

**မေး။ ။ ရုပ်သံလွှင့်ကုမ္ပဏီတွေအနေနဲ့ စာချုပ်ပါစည်းကမ်းတွေအရ ပေးသွင်းရမယ့်ငွေတွေကို မပေးသွင်းဘဲ ဒဏ်ကြေးပဲပေးဆောင်နေတာ သူတို့ကို လှည့်သုံးဖို့ အခွင့်အရေးပေးနေသလိုဖြစ်နေတယ်လို့ မနေ့က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဒလမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ဆွေးနွေးခဲ့ပါတယ်။ ဒီလိုအခြေအနေ ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းကို သိပါရစေ။**

ဖြေ။ ။ ပထမဆုံးအနေနဲ့ ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ရော၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ရော မည်သည့်ကုမ္ပဏီအဖွဲ့အစည်းကိုမှ အခွင့်အရေးပေးထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း၊ လုပ်သာကိုင်သာရှိအောင် အခွင့်အလမ်း ဖန်တီးပေးထားခြင်းမျိုး လုံးဝမရှိပါဘူးလို့ ရှင်းရှင်းလင်းလင်း အသိပေးလိုပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့ အကြောင်းအရာက ကုန်လွန်ခဲ့ပြီးဖြစ်တဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကြွေးကျန်ဖြစ်ပေါ်ခဲ့မှုအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့က ထောက်ပြွန်တဲ့သတ်မှတ်ကာလအတွင်း အချိန်မီ ငွေပေးသွင်းမှုမရှိဘဲ ဒဏ်ကြေးပေးဆောင်မှုနဲ့ နောက်ကျပေးသွင်းမှုဖြစ်ပွားခဲ့ရတဲ့ ဖြစ်စဉ်အပေါ် ဆွေးနွေးသွားခြင်း ဖြစ်ပါတယ်။

ဒီလိုဆွေးနွေးရာမှာလည်း ရုပ်သံလွှင့်ကုမ္ပဏီများက ပေးသွင်းရမယ့် ၃ ဒသမ ၂၅ ဘီလီယံအစား တစ်လကို ဒဏ်ကြေးငွေ တစ်ရာခိုင်နှုန်းနဲ့ ပေးသွင်းနေမှုကို ထောက်ပြဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ် ဖြစ်ပေါ်ရတဲ့အကြောင်းရင်းကို အတိုချုပ်ပြီး ရှင်းပြရရင် ဒါက ၂၀၁၄ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါ အချက်များအတိုင်း ဆောင်ရွက်နေရင်းက ဖြစ်ပေါ်လာရတဲ့ဖြစ်စဉ် ဖြစ်ပါတယ်။ စာချုပ်ပါအချက်အရ ပေးသွင်းရမယ့်ငွေကို သုံးလတစ်ကြိမ် သတ်မှတ်ပြီး စတုတ္ထမြောက်လမှာ ပေးသွင်းရတဲ့စနစ်ဖြစ်ပါတယ်။ ပေးသွင်းရမယ့် လထက် တစ်လနောက်ကျရင် သွင်းရမယ့် ငွေကြေးရဲ့တစ်ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒီလိုသတ်မှတ်ချက်တွေအရ သတ်မှတ်ကာလအတွင်း မပေးသွင်းနိုင်တဲ့အခါမှာ နောက်ကျတဲ့ လအလိုက် ဒဏ်ကြေးပေးဆောင်ရတာမျိုးဖြစ်ပါတယ်။

ဒီနေရာမှာ ၃ ဒသမ ၂၅ ဘီလီယံလုံးကို နှစ်လုံးပေါက် မပေးသွင်းဘဲ ဒဏ်ကြေးပဲ ပေးဆောင်နေခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ ၃ ဒသမ ၂၅ ဘီလီယံဆိုတာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက် ပေးသွင်းရမယ့် ငွေပမာဏဖြစ်ပြီး ဒါကို သုံးလတစ်ကြိမ် အရစ်ကျပေးသွင်းသွားရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း သတ်မှတ်လတွေမှာ ပေးသွင်းနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၁၈ ခုနှစ် မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများမှာ ပထမအရစ်၊ ဒုတိယအရစ်၊ တတိယအရစ် စသဖြင့် သတ်မှတ်ဒဏ်ကြေးများအပါအဝင် ပေးသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို နောက်ကျပေးသွင်းနေတဲ့ အနေအထားမျိုး နောင်အလားတူ မဖြစ်ရလေအောင် သက်ဆိုင်ရာတို့က ထောက်ပြဆွေးနွေးခဲ့တာဖြစ်တယ်လို့ မှတ်ယူပါတယ်။

**မေး။ ။ ရုပ်သံလွှင့်ကုမ္ပဏီတွေအနေနဲ့ ၂၀၁၄ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ လက်ရှိမှာ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပြီးတော့ ဒီစာချုပ်ရဲ့ အားနည်းချက်၊ အားသာချက်တွေအပေါ် အမြဲတမ်းအတွင်းဝန်ရဲ့ အမြင်သဘောထားကို သိပါရစေ။ အားနည်းချက်တွေကို ဘယ်လိုပြင်ဆင်သွားမယ်ဆိုတာလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီလိုဖြစ်စဉ်မျိုး ထပ်ပြီးမဖြစ်အောင် ကျွန်တော်တို့ ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါ မူလစာချုပ်အရ ဒီလိုဖြစ်စဉ်မျိုးကို ဖြစ်ပွားနေစေတဲ့ တစ်နည်းအားဖြင့် ငွေကြေးပေးသွင်းမှုအပိုင်းမှာ အားနည်းချက်ရှိနေစေတဲ့ အချက်တွေကို မဖြစ်မနေပြင်ဆင်ဖို့ လိုအပ်တယ်ဆိုတာ တွေ့လာရပါတယ်။ နောက်ကျဒဏ်ကြေးကို တစ်လ တစ်ရာခိုင်နှုန်းနဲ့ ပုံသေကောက်ခံနေမှု(အစား) ထိရောက်တဲ့ ဒဏ်ကြေးငွေနှုန်းထားတစ်ခု ပြင်ဖို့လိုမယ်၊ နောက်ကျပေးသွင်းနိုင်တဲ့ကာလကိုလည်း အတိုင်းအတာတစ်ခုအထိ သတ်မှတ်ဖို့လိုမယ်၊ သတ်မှတ်တဲ့ အတိုင်းအတာထက် ကျော်လွန်ခဲ့ရင် အရေးယူဆောင်ရွက်မှုကို ဘယ်လိုလုပ်မယ်ဆိုပြီး ချမှတ်ထားဖို့လိုတယ်ဆိုတာ တွေ့လာရပါတယ်။ ဒီလိုအပ်ချက်တွေကို ပြင်ဆင်ဖို့ မူလစာချုပ်အပေါ်မှာ ပြဋ္ဌာန်းချက်တွေနဲ့အညီ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။

မူလချုပ်ထားတဲ့ စာချုပ်အရ စာချုပ်ပါအချက်တွေကို ပြင်ဆင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် သဘောတူညီမှ ပြင်ဆင်နိုင်ပါတယ်။ ကျွန်တော်တို့ဘက်က ပြင်ဆင်လိုတဲ့အချက်တွေ ပြုစုပြီး ပေးပို့တဲ့အခါ ဒီအပေါ်မှာ တစ်ဖက်က ပြန်ပြင်လိုတဲ့အချက်တွေ၊ နောက်ထပ်သူတို့အနေနဲ့ ပြင်ဆင်ချင်တဲ့အချက်တွေ၊ ဖြည့်စွက်ချင်တာတွေ စသဖြင့် အပြန်အလှန် ညှိနှိုင်းကြရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

တစ်ဖက်ကလည်း စာချုပ်ပြင်ဆင်ရေးကို ဆောင်ရွက်သလို တစ်ဖက်ကလည်း ကြွေးကျန်ပမာဏ မများရအောင်၊ နောက်ကျပေးသွင်းတဲ့ကာလတွေ မကြာမြင့်ရလေအောင် ရုံးစာနဲ့ တရားဝင်အကြောင်းကြားမှုတွေ၊ သတ်မှတ်ကာလမကျော်လွန်ရလေအောင် သတိပေးမှုတွေ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သလို ရုပ်သံလွှင့်အဖွဲ့အစည်းတွေ အားလုံးပါဝင်တဲ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ရဲ့ တစ်လခွဲတစ်ကြိမ် ကျင်းပပြုလုပ်တဲ့ အစည်းအဝေးများမှာ အစီအစဉ်တစ်ခုအနေနဲ့ ထည့်သွင်းပြီး သတ်မှတ်ကာလအတွင်း ပေးဆောင်ရမယ့်ငွေများ ပေးသွင်းဖို့၊ နောက်ကျတဲ့ကာလ မကြာမြင့်စေဖို့၊ အခုလို နောက်ကျဒဏ်ကြေး ပေးဆောင်နေမှုအပေါ်မှာ သက်ဆိုင်ရာလွှတ်တော်နဲ့ စာရင်းစစ်ချုပ်ရုံးများရဲ့ ထောက်ပြွန်မှု၊ ဖြေရှင်းဆောင်ရွက်နေရမှုတွေကို ရှင်းလင်းပြောကြားပြီး နှိုးဆော်ဆောင်ရွက်မှုများ လုပ်ခဲ့ပါတယ်။

တစ်ဖက်ကလည်း ကြွေးကျန်ပမာဏများတဲ့ဖြစ်စဉ်တွေ မဖြစ်ရလေအောင် အဓိကကျတဲ့ အချက်နှစ်ချက်ကို စာချုပ်မှာ ပြင်ဆင်ဖြည့်စွက်ဖို့ ရုပ်သံလွှင့်ကုမ္ပဏီများနဲ့ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်လို့ ပြင်ဆင်ချုပ်ဆိုမယ့် စာချုပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို သဘောထားမှတ်ချက်များ တောင်းခံထားပြီးဖြစ်ပါတယ်။ အကြံပြုလာတဲ့ သဘောထားမှတ်ချက်တွေနဲ့အညီ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ စာချုပ်မှာ ပြင်ဆင်ဖြည့်စွက်တဲ့ အချက်တွေကို ရှင်းပြပေးစေလိုပါတယ်။ ဒီလိုပြင်လိုက်ခြင်းအားဖြင့် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်သလဲဆိုတာလည်း သိရပါစေ။**

ဖြေ။ ။ ပြင်ဆင်ရာမှာ ပထမတစ်ချက်ကတော့ အရင်လိုနောက်ကျဒဏ်ကြေးကို တစ်လတစ်ရာခိုင်နှုန်း ပုံသေမသတ်မှတ်ဘဲ ပထမလ တစ်ရာခိုင်နှုန်း၊ ဒုတိယလ ထပ်တိုး ၁ ဒသမ ၅ ရာခိုင်နှုန်း၊ တတိယလထပ်တိုး နှစ်ရာခိုင်နှုန်း စသဖြင့်တိုးပြီး ယခင်လက ဒဏ်ကြေးနဲ့ ပေါင်းပြီးဆောင်ရတဲ့ ဒဏ်ကြေး တိုးစနစ် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြောရရင် -



အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်

**ကျွန်တော်တို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေနဲ့ရော၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ရော မည်သည့်ကုမ္ပဏီအဖွဲ့အစည်းကိုမှ အခွင့်အရေးပေးထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း၊ လုပ်သာကိုင်သာရှိအောင် အခွင့်အလမ်း ဖန်တီးပေးထားခြင်းမျိုး လုံးဝမရှိပါဘူးလို့ ရှင်းရှင်းလင်းလင်း အသိပေးလိုပါတယ်။**

(၁)လ နောက်ကျလျှင်
ဒဏ်ကြေး ၁ ရာခိုင်နှုန်း = ၁ ရာခိုင်နှုန်း
(၂)လ နောက်ကျလျှင်
ဒဏ်ကြေး ၁ ရာခိုင်နှုန်း + ၁.၅ ရာခိုင်နှုန်း = ၂.၅ ရာခိုင်နှုန်း
(၃)လ နောက်ကျလျှင်
ဒဏ်ကြေး ၂.၅ ရာခိုင်နှုန်း + ၂ ရာခိုင်နှုန်း = ၄.၅ ရာခိုင်နှုန်း
(၄)လ နောက်ကျလျှင်
ဒဏ်ကြေး ၄.၅ ရာခိုင်နှုန်း + ၂.၅ ရာခိုင်နှုန်း = ၇ ရာခိုင်နှုန်း
(၅)လ နောက်ကျလျှင်
ဒဏ်ကြေး ၇ ရာခိုင်နှုန်း + ၃ ရာခိုင်နှုန်း = ၁၀ ရာခိုင်နှုန်း
(၆)လ နောက်ကျလျှင်
ဒဏ်ကြေး ၁၀ ရာခိုင်နှုန်း + ၃.၅ ရာခိုင်နှုန်း = ၁၃.၅ ရာခိုင်နှုန်း

နောက်တစ်ချက်ကတော့ ယခင်ကမပါရှိခဲ့တဲ့ နောက်ကျနိုင်တဲ့ ကာလကန့်သတ်ချက် ထည့်သွင်းခြင်းဖြစ်ပါတယ်။ (၆)လအထိ ဆက်တိုက်ပေးသွင်းခြင်း မရှိဘူးဆိုရင် သတ်မှတ်ဒဏ်ကြေး ပေးဆောင်နေပေမယ့်လည်း စာချုပ်ပိတ်သိမ်းပြီး အရေးယူနိုင်ဖို့ကို ဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ခွင့်ရှိတယ်လို့ ဖြည့်စွက်ထည့်သွင်းခဲ့တဲ့အချက်ဖြစ်ပါတယ်။

ဒီလို ပြင်ဆင်ဖြည့်စွက်နိုင်ခြင်းအားဖြင့် ဒဏ်ကြေးစနစ်တိုးမြှင့်လာမှု၊ ကာလကန့်သတ်ချက် ရှိလာမှု၊ ကန့်သတ်ချက် ကျော်လွန်ရင် ဖြစ်ပေါ်လာနိုင်တဲ့ အရေးယူဆောင်ရွက်နိုင်မှုတို့ကြောင့် ပေးသွင်းရမယ့်ငွေများကို သက်ဆိုင်ရာကာလအလိုက် ပေးသွင်းနိုင်တဲ့အခြေအနေကို ပိုမိုဖြစ်ပေါ်စေပြီး သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လျာထားရရှိငွေကို တိုးပွားစေမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေမျိုး ထပ်မံမဖြစ်ပွားနိုင်အောင် ထိရောက်တဲ့ဆောင်ရွက်မှုမျိုး ဖြစ်ပါတယ်။

**မေး။ ။ ရုပ်သံလွှင့်ခတွေကို တခြားမှာ လှည့်သုံးသလိုဖြစ်နေတယ်၊ပြည်သူ့ဘဏ္ဍာတွေ ဆုံးရှုံးမှုရှိတယ်ဆိုပြီး ပြောနေကြတဲ့အပေါ် ဘာများ ပြောကြားချင်ပါသလဲ။**

ဖြေ။ ။ ရုပ်သံလွှင့်ကုမ္ပဏီများကို စာချုပ်ပါအချက်များအတိုင်း တိကျစွာ

စာမျက်နှာ ၁၁ သို့

**ဒီလိုဖြစ်စဉ်မျိုး ထပ်ပြီးမဖြစ်အောင် ကျွန်တော်တို့ ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါ မူလစာချုပ်အရ ဒီလိုဖြစ်စဉ်မျိုးကို ဖြစ်ပွားနေစေတဲ့ တစ်နည်းအားဖြင့် ငွေကြေးပေးသွင်းမှုအပိုင်းမှာ အားနည်းချက်ရှိနေစေတဲ့အချက်တွေကို မဖြစ်မနေ ပြင်ဆင်ဖို့လိုအပ်တယ်ဆိုတာ တွေ့လာရပါတယ်။ နောက်ကျဒဏ်ကြေးကို တစ်လ တစ်ရာခိုင်နှုန်းနဲ့ ပုံသေကောက်ခံနေမှု(အစား) ထိရောက်တဲ့ ဒဏ်ကြေးငွေ နှုန်းထားတစ်ခု ပြင်ဖို့လိုမယ်၊ နောက်ကျပေးသွင်းနိုင်တဲ့ ကာလကိုလည်း အတိုင်းအတာတစ်ခုအထိ သတ်မှတ်ဖို့လိုမယ်၊ သတ်မှတ်တဲ့အတိုင်းအတာထက် ကျော်လွန်ခဲ့ရင် အရေးယူဆောင်ရွက်မှုကို ဘယ်လိုလုပ်မယ်ဆိုပြီး ချမှတ်ထားဖို့လိုတယ်ဆိုတာ တွေ့လာရပါတယ်။**

✻ စာမျက်နှာ ၁၀ မှ

ဆောင်ရွက်ခဲ့တယ်ဆိုတာ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ စာချုပ်ပါ အချက်တွေဟာ အားနည်းမှုတွေ ရှိခဲ့တဲ့အပေါ် ပြင်ဆင်မှုတွေလည်း လုပ်နေပြီဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုဆိုတာကတော့ ရရှိရမယ့် ဘဏ္ဍာငွေလုံးဝမရရှိတော့ဘဲ အချည်းနှီးဆုံးရှုံးသွားတာကို ဆိုလိုတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ရုပ်သံလွှင့်ကုမ္ပဏီများအကြား ပေးသွင်းရမယ့်ငွေများကတော့ တစ်စုံတစ်ရာ ဆုံးရှုံးခဲ့ခြင်းမျိုး မရှိခဲ့ပါဘူး။ နောက်ကျပေးသွင်းခဲ့မှုကလည်း စာချုပ်ပါ ဒဏ်ကြေးများအတိုင်း ပေးသွင်းခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ဘဏ္ဍာငွေတွေ ဆုံးရှုံးမှုရှိတယ်ဆိုတဲ့အချက်ကတော့ လုံးဝမှန်ကန်မှုမရှိပါဘူးလို့ ပြောကြားလိုပါတယ်။

**မေး။ ။ လွှတ်တော်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး စာချုပ်တွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ချုပ်ဆိုမယ်လို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြခဲ့တယ်လို့ သိရပါတယ်။ ဒီအပေါ်မှာ ထပ်မံဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ဖြေ။ ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အပေါ်မှာ ထောက်ညွှန်ခဲ့တဲ့အချက်များအပေါ် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေဖို့ ဆောင်ရွက်မယ့် အစီအမံတွေကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ လွှတ်တော်တို့ထံ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုရှင်းလင်းတင်ပြချက်အပေါ်မှာလည်း ဒီကိစ္စရပ်ကို ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်ကြီးအနေနဲ့ လက်ခံတဲ့အကြောင်း သူ့ရဲ့ဆွေးနွေးချက်ထဲမှာ ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ တကယ်တော့ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တွေ့မြင်ရတဲ့ အားနည်းချက်တွေကို ထောက်ပြဝေဖန်မှုများအပေါ် ကျွန်တော်တို့အနေနဲ့ ကြိုဆိုလက်ခံရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ရဲ့ဌာန၊ အဖွဲ့အစည်းအနေနဲ့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို သိရှိနားလည်စေချင်ပါတယ်။ အခုဆိုရင် ကိုယ်စားလှယ်တော်ကြီး သိချင်တဲ့အချက်တွေကို အကျိုးအကြောင်းနဲ့ ရှင်းလင်းပြောကြားနိုင်ခဲ့တဲ့

**စာချုပ်ပါအချက်တွေဟာ အားနည်းမှုတွေ ရှိခဲ့တဲ့ အပေါ် ပြင်ဆင်မှုတွေလည်း လုပ်နေပြီဖြစ်ပါ တယ်။ ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုဆိုတာကတော့ ရရှိရ မယ့် ဘဏ္ဍာငွေလုံးဝမရရှိတော့ဘဲ အချည်းနှီး ဆုံးရှုံးသွားတာကို ဆိုလိုတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ရုပ်သံလွှင့်ကုမ္ပဏီများအကြား ပေးသွင်းရမယ့် ငွေများကတော့ တစ်စုံတစ်ရာ ဆုံးရှုံးခဲ့ခြင်းမျိုး မရှိခဲ့ပါဘူး။ နောက်ကျပေးသွင်းခဲ့မှုကလည်း စာချုပ်ပါ ဒဏ်ကြေးများအတိုင်း ပေးသွင်းခဲ့ကြ တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ဘဏ္ဍာငွေ တွေ ဆုံးရှုံးမှုရှိတယ်ဆိုတဲ့အချက်ကတော့ လုံးဝ မှန်ကန်မှု မရှိပါဘူးလို့ ပြောကြားလိုပါတယ်။**

အတွက် ကိုယ်စားလှယ်တော်ကြီးအပြင် အများပြည်သူပါ သိရှိသွားပြီဖြစ်လို့ များစွာအကျိုးရှိတယ်လို့ ယုံကြည်ပါတယ်။ အခုလို လာရောက်မေးမြန်းတဲ့ မြန်မာ့သတင်းစဉ်ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

✻ အုပ်စုပထမမှ

စောစီးစွာရခဲ့ပြီး ပွဲကိုဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း တိုက်စစ်ကစားပုံလိုအပ်ချက်များရှိခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဗီယက်နမ်အသင်းမှ ထိုင်သီသောင်၏ ဒုတိယဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ ဒုတိယပိုင်းအစတွင်လည်း ဗီယက်နမ်အသင်းက ပွဲကိုဆက်လက်စိုးမိုးထားပြီး မိနစ် ၆၀ တွင် ဖန်ဟိုင်ရန်နှင့် ၆၃ မိနစ်တွင် ငုယင်ဒူနာတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ဗီယက်နမ်အသင်းရရှိခဲ့သည့် စတုတ္ထဂိုးမှာ ပင်နယ်တီမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းနောက်ပိုင်းတွင် တိုက်စစ်အားမြင့်လာသော်လည်း အခွင့်အရေးများ အသုံးမချနိုင်သောကြောင့် ချေပဂိုးနှင့် လွဲချော်ကာ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ဂိုးမှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။ အုပ်စု (က) ပွဲစဉ်များမှာ ဩဂုတ် ၂၃ ရက်မှ ပြီးဆုံးမည်ဖြစ်သောကြောင့် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံမည့်အသင်းများ ထွက်ပေါ်ခြင်း မရှိသေးပေ။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# မဟာမိတ်တောင်သူလယ်သမားပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၆၁/၂၀၁၉)**
၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မဟာမိတ်တောင်သူလယ်သမားပါတီ**ကို မှတ်ပုံတင်အမှတ် (၉၂) ဖြင့် ၂-၇-၂၀၁၅ရက်စွဲပါ ကြေညာချက်အမှတ် (၂၇/၂၀၁၅)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မဟာမိတ်တောင်သူလယ်သမားပါတီ**အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ၉-၁-၂၀၁၉ ရက်နေ့မှစ၍ ၈-၇-၂၀၁၉ ရက်နေ့အထိ (၆)လ ယာယီရပ်ဆိုင်း၍ ပါတီတွင်းပြဿနာများ ပြေလည်သည်အထိ ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (ဂ) နှင့်အညီ ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ရပ်ဆိုင်းထားသည့်ကာလကုန်ဆုံးသည်အထိ ပါတီတွင်းပြဿနာများ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်ပြင် ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၁၆-၈-၂၀၁၉ ရက်နေ့တွင် ကျင်းပသောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၉) တွင် ဆွေးနွေးခဲ့ပြီးနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (င) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မဟာမိတ်တောင်သူလယ်သမားပါတီ**ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ယင်းပါတီကို ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




# မူဆယ်မြို့တွင် ပြည်သူများ ပုံမှန်သွားလာစည်ကားလျက်ရှိ

**မူဆယ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့ကြားတွင် မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ်လက်နက်ကိုင်တပ်ဖွဲ့များ တိုက်ပွဲဆက်လက်ဖြစ်ပွားနေသော်လည်း မူဆယ်မြို့တွင် ပြည်သူလူထုများ ပုံမှန်လှုပ်ရှားသွားလာစည်ကားလျက်ရှိသည်။

တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ဩဂုတ် ၁၅ ရက်တွင် ပြည်သူများ ထိတ်လန့်စိုးရိမ်ခဲ့ပြီး ညဈေးများ၊ ဈေးဆိုင်များ စောစောပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ဩဂုတ် ၁၆ ရက်တွင်ဈေးဆိုင်များ၊ ညဈေးများပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပြည်သူများ ပုံမှန်သွားလာနေကြကြောင်း သိရသည်။

ဂုတ်တွင်းယာယီဘေလီတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်တွင် ဆောက်လုပ်ပြီးစီးခြင်းကြောင့် မူဆယ်မြို့ အဝေးပြေးယာဉ်လိုင်းများလည်း ဩဂုတ် ၂၂ ရက်မှ စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ထက်ဦးယာဉ်လိုင်းဂိတ်မှူး၏ ပြောကြားချက်အရ သိရသည်။

**ဆလိုင်းဗန်ရိုးထန်(မြန်/ဆက်)**

››› ကျောဖုံးမှ

တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားဖွင့်လှစ်ပြီးနောက် တံတားအနီးမှ ဗုံးနှစ်လုံးတွေ့ရှိသဖြင့် သက်ဆိုင်ရာက ညနေ ၄ နာရီခွဲတွင် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ဗုံးများဖောက်ခွဲနေစဉ် တံတားပေါ်မှယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ခေတ္တဖြတ်သန်းခွင့်ပိတ်ထားပြီး ညနေ ၅ နာရီခွဲခန့်တွင် ပြန်လည်ဖြတ်သန်းခွင့်ပြုလိုက်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ ပြတ်တောက်မှုဖြစ်ပေါ်နိုင်


**နေပြည်တော် ဩဂုတ် ၂၀**

Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကိုအသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၆ ရက်အတွင်း နေ့စဉ် ၃ မိနစ်မှ ၁၅ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်၊ အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိရာ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိနိုင်ကြောင်း သိရသည်။

**မောင်လူမော်**



# အမေရိကန်၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအပေါ် ရုရှားနှင့် တရုတ်တို့ ပြင်းထန်စွာဝေဖန်

**မော်စကို ဩဂုတ် ၂၀**

အမေရိကန်၏ နောက်ဆုံးအကြိမ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် ကမ္ဘာ့နိုင်ငံများအကြား တင်းမာမှုများကို ပိုမိုမြင့်တက်စေသည့်အပြင် ကာကွယ်ရေးလက်နက်များ အပြိုင်အဆိုင်တီထွင်စမ်းသစ်မှုများကို တွန်းအားပေးရာရောက်စေသည်ဟု ရုရှားနှင့် တရုတ်နိုင်ငံတို့က သတိပေးပြောကြားခဲ့သည်။

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ ချုပ်ဆိုထားသည့် တာလတ်ပစ်နျူကလီးယားဒုံးကျည် ပစ်လွှတ်မှုထိန်းချုပ်ရေးစာချုပ် (အိုင်အင်န်အက်ဖ်) သက်တမ်းကုန်လွန်ခဲ့ပြီးနောက် ဩဂုတ် ၁၉ ရက်တွင် အမေရိကန်က တာလတ်ပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

ယခုလအတွင်း စာချုပ်သက်တမ်းမကုန်မီ အမေရိကန်နှင့် ရုရှားတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စာချုပ်ဖောက်ဖျက်လျက်ရှိသည်ဟု အပြန်အလှန် စွပ်စွဲပြစ်တင်မှုများ ရှိခဲ့ကြသည်။

ဩဂုတ် ၁၉ ရက်တွင် အမေရိကန်ကာကွယ်ရေးဌာနက တာလတ်ပစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းဒုံးကျည်သည် ၁၉၈၇ ခုနှစ်တွင် အမေရိကန်-ရုရှား ချုပ်ဆိုခဲ့သည့် တာလတ်ပစ်ဒုံးကျည်ထိန်းချုပ်ရေးစာချုပ်အရ ကန့်သတ်တားမြစ်ထားသော ဒုံးကျည်အမျိုးအစားဖြစ်သည်။ အဆိုပါစာချုပ်တွင် ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ အကွာအဝေးရောက်ရှိနိုင်သော တာလတ်ပစ်နျူကလီးယားဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကို ကန့်သတ်ထားသည်။

အမေရိကန်အနေဖြင့် ကာကွယ်ရေးတင်းမာမှုများကို ပိုမိုကြီးထွားစေရန် စတင်လှုံ့ဆော်လိုက်ပြီဖြစ်သော်လည်း ၎င်းတို့အနေဖြင့် မည်သည့်လက်တုံ့ပြန်မှုမှ လုပ်ဆောင်သွားမည်မဟုတ်ပါကြောင်းနှင့် ငွေအကုန်အကျများသော ကာကွယ်ရေးလက်နက်များ ပြိုင်ဆိုင်တီထွင်စမ်းသစ်မှုလမ်းစဉ်ကို ၎င်းတို့နိုင်ငံအနေဖြင့် လျှောက်လှမ်းသွားမည်မဟုတ်ပါကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ ရျာဘ်ကော့ဗ်က အမေရိကန်၏ တာလတ်ပစ်ဒုံးကျည်ပစ်လွှတ်ခဲ့ပြီးနောက် ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်က ယခုတာလတ်ပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံချုပ်ဆိုထားသည့် အိုင်အင်န်အက်ဖ် စာချုပ်သက်တမ်းမကုန်ဆုံးမီ အချိန်ကတည်းက ၎င်းအနေဖြင့် ဒုံးကျည်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်မှာ သိသာထင်ရှားစေပါကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ ရျာဘ်ကော့ဗ်က ဆိုသည်။



အမေရိကန်၏ ဒုံးကျည်စမ်းသပ်ခြင်းသည် ကာကွယ်ရေးကဏ္ဍအင်အားပြိုင်ဆိုင်မှုများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့မှုများကို ပိုမိုအားပေးရာရောက်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှောင်က ဆိုသည်။ ထို့ပြင် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ အခြေအနေများအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုကို ဖြစ်စေပါကြောင်း ဂျန်ရှောင်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်၏ တာလတ်ပစ်ဒုံးကျည်တစ်စင်းကို ကယ်လီဖိုးနီးယားကမ်းလွန်ပင်လယ်ပြင်ရှိ ဆန်နီကိုလက်စ်ကျွန်းမှ ပစ်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံသို့ ပျံသန်းနေသည့် လေကြောင်းခရီးစဉ်များအား သိသာစွာလျှော့ချမည်ဟု ကိုရီးယန်းအဲလေကြောင်းပြောကြား

**ဆိုးလ် ဩဂုတ် ၂၀**

ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးဆိုးရွားနေမှုဖြစ်ပေါ်နေစဉ်အတွင်း ခရီးသွားလာမှုများကျဆင်းနေခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပျံသန်းနေသည့် လေကြောင်းခရီးစဉ် အများအပြားကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကိုရီးယန်းအဲလေကြောင်းလိုင်းက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။




တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဘူဆန်နှင့် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ ကန်ဆိုင်းလေဆိပ်အကြား ပျံသန်းနေသည့် လေကြောင်းခရီးစဉ်များကို စက်တင်ဘာလမှစ၍ လုံးဝရပ်ဆိုင်းမည်ဟု အဆိုပါလေကြောင်းလိုင်းက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

လာမည့် နိုဝင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ အပန်းဖြေကျွန်းမြို့ ဂျေဂျူးမှ ဂျပန်နိုင်ငံရှိ နာရီတာနှင့် ကန်ဆိုင်းလေဆိပ်များသို့ ပျံသန်းသည့် ခရီးစဉ်များကို ပယ်ဖျက်ရန် ကိုရီးယန်းအဲလေကြောင်းလိုင်းက စီစဉ်နေသည်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်ယေအိမ်မှ ဂျပန်နိုင်ငံသို့ ပျံသန်းနေသည့် ခရီးစဉ်သုံးခုဖြစ်သည့် ကိုမတ်စု၊ ကာဂိုရှီးမားနှင့် အာဆာဟိကာဝါ လေဆိပ်များသို့ ပျံသန်းမှုများကို စက်တင်ဘာလနှောင်းပိုင်းမှစ၍ တစ်လခန့် ရပ်ဆိုင်းသွားရန် ယင်းလေကြောင်းလိုင်းမှ စီစဉ်နေသည်။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မှ ဂျပန်နိုင်ငံ ဖုကူအိုကာနှင့် ဘူဆန်မြို့မှ နာရီတာ လေဆိပ်အကြား ပျံသန်းပြေးဆွဲနေသည့် လေကြောင်းခရီး ငါးခုမှ ခရီးစဉ်အရေအတွက်များကို ယာယီလျှော့ချသွားမည်ဟု ကိုရီးယန်းအဲလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်နိုင်ငံသို့ ပျံသန်းပြေးဆွဲသည့် ခရီးစဉ်များ လျှော့ချထားချိန်များတွင် အရှေ့တောင်အာရှ၊ သမုဒ္ဒရာကျွန်းစုဒေသများနှင့် တရုတ်နိုင်ငံသို့ ပျံသန်းနေသည့် ခရီးစဉ်များအား တိုးချဲ့သွားမည်ဟု ယင်းလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# ချန်ဒရာရန်း-၂ လကမ္ဘာစူးစမ်း လေ့လာရေးယာဉ် လပတ်လမ်းကြောင်းအတွင်း အောင်မြင်စွာ ဝင်ရောက်

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံမှ လွှတ်တင်ခဲ့သော ဒုတိယမြောက် လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာရန်း-၂ သည် ဩဂုတ် ၂၀ ရက်တွင် လပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားခဲ့ပြီဖြစ်ကြောင်း၊ ယင်းနိုင်ငံ၏ အာကာသအေဂျင်စီဖြစ်သည့် အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)က အတည်ပြုပြောကြားသည်။

ယင်းမှာ ချန်ဒရာရန်း-၂ အာကာသယာဉ်က လုပ်ဆောင်ခဲ့သည့် အကြီးဆုံးသမိုင်းဝင် မှတ်တိုင်တစ်ခု ဖြစ်လာသည်။

ဗီကရန်ဟု အမည်ပေးထားသည့် လမျက်နှာပြင်ဆင်းယာဉ်အား သယ်ဆောင်သွားသည့် ချန်ဒရာရန်း-၂ အာကာသယာဉ်ကို ဇူလိုင် ၂၂ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ လမျက်နှာပြင်ဆင်းယာဉ် ဗီကရန်သည် လမျက်နှာပြင်ပေါ်သို့ စက်တင်ဘာ ၇ ရက်တွင် ညင်သာစွာဆင်းသက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ လွှတ်တင်ခဲ့သည့် ပထမဆုံး လမျက်နှာပြင်ပေါ်ဆင်းသက်သည့် ယာဉ်အား အိန္ဒိယအာကာသသုတေသန အစီအစဉ်၏ ဖခင်ကြီးဖြစ်သည့် ဗီကရန် ဆာရက်ချ်ဟီ၏ အမည်ကို ဂုဏ်ပြုအမည်ပေးထားခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ဩဂုတ်လ အစောပိုင်းတွင် ချန်ဒရာရန်း-၂ အာကာသယာဉ်မှ မြေကမ္ဘာ၏ ဓာတ်ပုံများကို ပထမဦးဆုံး ရိုက်ကူးပေးပို့ခဲ့သည်။

ဗီကရန် လမျက်နှာပြင်ဆင်းယာဉ် ဆင်းသက်မှုအောင်မြင်ပါက အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်ဆင်းသက်စေနိုင်သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

လမျက်နှာပြင်ပေါ်ရှိ ရေ၊ ဒြပ်စင်ပစ္စည်းများနှင့် ကျောက်ပုံဆောင်ခဲဆိုင်ရာ အချက်အလက်များ စုစည်းကောက်ယူရန် အစီအစဉ်ရှိသည့် အိန္ဒိယနိုင်ငံ၏ လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်အား အမေရိကန်ဒေါ်လာသန်း ၁၅၀ အကုန်အကျခံ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# ကက်ရှ်မီးယားအရေး အိန္ဒိယ၊ ပါကစ္စတန်ဝန်ကြီးချုပ်များနှင့် အမေရိကန်သမ္မတ ထရန့် ဆွေးနွေး

**နယူးယောက် ဩဂုတ် ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က အိန္ဒိယ၊ ပါကစ္စတန်ခေါင်းဆောင်များနှင့် သီးခြားစီဖုန်းဖြင့် ဆွေးနွေးခဲ့ပြီး ကက်ရှ်မီးယားပဋိပက္ခတွင် စိတ်ရှည်သည်းခံမှုကျင့်သုံးကြရန် နှစ်ဦးစလုံးကို တိုက်တွန်းလိုက်သည်။ အိန္ဒိယနိုင်ငံက ဩဂုတ် ၆ ရက်တွင် ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထားမှုကို ရုပ်သိမ်းပြီးနောက် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

**အလေးထားဆွေးနွေး**

ပါကစ္စတန်အစိုးရက အဆိုပါဆုံးဖြတ်ချက်ကို ပြတ်သားစွာတုံ့ပြန်ခဲ့ပြီး အိန္ဒိယနိုင်ငံက ဆုံးဖြတ်ချက်ကို ချက်ချင်းရုပ်သိမ်းရန် တောင်းဆိုခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နှစ်နိုင်ငံစလုံးမှ ဝန်ကြီးချုပ်များနှင့် ဖုန်းဖြင့် ဆွေးနွေးခဲ့သည်။ ဒေသတွင်းငြိမ်းချမ်းမှုထိန်းသိမ်းရန် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံက တင်းမာမှုလျှော့ချရန် လိုအပ်သည်ဟု ဒေါ်နယ်ထရန့်က အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကို ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က ဆိုသည်။ နာရန်ဒရာမိုဒီက အကြမ်းဖက်မှုကင်းသော ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးရေး၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပြီး နယ်စပ်ဖြတ်ကျော်အကြမ်းဖက်ဝါဒကို ခြွင်းချက်မရှိ ရှောင်ကြဉ်ရန် တိုက်တွန်းခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးက ပြောသည်။ ပါကစ္စတန်ဝန်ကြီးချုပ် အိမ်မရန်ခန်းနှင့် ဖုန်းဖြင့်ဆွေးနွေးရာတွင် ဒေါ်နယ်ထရန့်က လက်ရှိ တင်းမာမှုများ အရှိန်လျှော့ချရန် လိုအပ်ပုံကို အလေးထားဆွေးနွေးခဲ့သည်။

ဒေါ်နယ်ထရန့်က အိန္ဒိယနိုင်ငံနှင့် စီးပွားရေးနှင့် လုံခြုံရေးဆက်ဆံမှုထိန်းသိမ်းရန် ကြိုးပမ်းနေသလို အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်ဝါဒတိုက်ဖျက်ရာတွင် အရေးပါသော မိတ်ဖက်တစ်နိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးကို မထိခိုက်စေရန်လည်း ကြိုးပမ်းလျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# လာအိုနိုင်ငံ၌ ဘတ်စ်ကားတိမ်းမှောက်မှုဖြစ်ပွား တရုတ်ကမ္ဘာလှည့်ခရီးသည် ၁၃ ဦးသေဆုံး၊ ၃၁ ဦးဒဏ်ရာရရှိ



**ဗီယင်ကျန်း ဩဂုတ် ၂၀**
လာအိုနိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၁၉ ရက်က ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့ရာ တရုတ်ကမ္ဘာလှည့် ခရီးသည် ၁၃ ဦးသေဆုံးပြီး ၃၁ ဦးဒဏ်ရာ ရရှိခဲ့ကြောင်း လာအိုနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

တရုတ်ကမ္ဘာလှည့်ခရီးသည် ၄၃ ဦး၊ ယာဉ်မောင်းတစ်ဦးနှင့် ခရီးလမ်းညွှန်တစ်ဦး အပါအဝင် တရုတ်ခရီးသွားလက်ထောက်တစ်ဦးနှင့် လာအိုနိုင်ငံသားနှစ်ဦးတို့ တင်ဆောင်သည့် အဆိုပါဘတ်စ်ကားသည် မြို့တော် ဗီယင်ကျန်းမြို့မှ မြောက်ဘက် ကီလိုမီတာ ၁၈၀ ခန့် အကွာ၊ ဗီယင်ကျန်းမြို့နှင့် လွန်ပရာဘန်မြို့အကြားတွင် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက လမ်းချော်ပြီးတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဘတ်စ်ကားတိမ်းမှောက်မှု၌ ဒဏ်ရာရရှိသူအားလုံးကို ဆေးဝါးကုသမှုခံယူရန် ဆေးရုံများသို့ ပို့ဆောင်ထားပြီး ၎င်းတို့အနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး လာအိုနိုင်ငံသားနှစ်ဦး၏ ဒဏ်ရာသည် မစိုးရိမ်ရအနေအထားတွင်ရှိကြောင်း တရုတ်သံရုံးက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါဘတ်စ်ကားတိမ်းမှောက်မှုသည် ကားဘရိတ်မကောင်းမှုကြောင့် ဖြစ်ဖွယ်ရှိသည်ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

လာအိုနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် လွန်ပရာဘန်မြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းများသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိခဲ့ကြသည်။

ထို့အတူ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Z-8G အမျိုးအစား ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စင်းသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် တရုတ်ဆေးဘက်အသင်းနှင့် လာအိုဆရာဝန်များကို တင်ဆောင်ပြီး လွန်ပရာဘန်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်ဆေးဘက်ဆိုင်ရာအသင်းသည် လာအိုနိုင်ငံ၌ ပြုလုပ်လျက်ရှိသော "Peace Train-2019" ဟု အမည်ပေးထားသည့် တရုတ်-လာအိုလူသားချင်းစာနာမှုဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာပူးတွဲကယ်ဆယ်ရေးလေ့ကျင့်မှုတွင် ပါဝင်တက်ရောက်နေကြသူများဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ဖိလစ်ပိုင်၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် လူ ၈၀၀ ကျော် သေဆုံး

**မနီလာ ဩဂုတ် ၂၀**
ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ပထမရှစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်အရေအတွက်မှာ ၁၈၈၀၀၀ ကျော်ရှိခဲ့ပြီး သေဆုံးသူ ၈၀၇ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားလိုက်သည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ၁၈၈၅၆၂ ဦး ဖြစ်ပွားခဲ့ပြီး ယမန်နှစ် အလားတူကာလထက် နှစ်ဆကျော် ဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၈၀၇ ဦးရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် အဆိုပါရောဂါကြောင့် ၄၉၇ ဦးသေဆုံးခဲ့ရာ သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အဆိုပါကူးစက်ရောဂါ အဆိုးရွားဆုံးဖြစ်ပွားနေကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအများစုမှာ အသက် ၅ နှစ်မှ ၉ နှစ်အရွယ် ကလေးငယ်များဖြစ်ပြီး ကူးစက်ခံရမှုများ၏ ၄၃၀၄၇ ဦး သို့မဟုတ် ၂၃ ရာခိုင်နှုန်းရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ ဆက်လက်မြင့်တက်နေကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသားများအနေဖြင့် သန့်ရှင်းမှုပိုမိုပြုလုပ်ရန်နှင့် ခြင်ပေါက်ပွားရာနေရာများကို ဖျက်ဆီးပစ်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဒု-လက်ထောက်ဝန်ကြီး အဲရစ်ဒိုမင်ဂိုက ပြောကြားသည်။ ဩဂုတ်လ ၆ ရက်တွင် ဒေသန္တရအစိုးရများကို အထူးတုံ့ပြန်ရေးရန်ပုံငွေတစ်ရပ် ခွင့်ပြုခြင်းအားဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ပိုမိုတုံ့ပြန်နိုင်ရန် နိုင်ငံအဆင့် ကူးစက်ရောဂါတစ်ခုအဖြစ် ဖိလစ်ပိုင်နိုင်ငံကကြေညာခဲ့သည်။ မိုးရာသီကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ အောက်တိုဘာလအထိ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက သတိပေးခဲ့သည်။ သွေးလွန်တုပ်ကွေးရောဂါမှာ အပြင်းဖျားခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အရိုးအဆစ်များ ကိုက်ခဲခြင်းဖြစ်စေနိုင်သည့် ခြင်ကြောင့်ဖြစ်ပွားသော ကမ္ဘာ့အပူပိုင်းနိုင်ငံများတွင် တွေ့ရသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။

ကမ္ဘာတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ မကြာသေးမီဆယ်စုနှစ်များအတွင်း တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ပြီးခဲ့သော နှစ် ၅၀ အတွင်း အဆ ၃၀ ထိရှိလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) က ပြောသည်။ သွေးလွန်တုပ်ကွေးရောဂါအတွက် သီးခြားကုသမှုမရှိသော်လည်း ကြိုတင်သတိမူခြင်းနှင့် ကောင်းမွန်သော ဆေးကုသမှုရရှိခြင်းတို့က လူသေဆုံးမှုနှုန်းကို တစ်ရာခိုင်နှုန်းအောက် လျော့နည်းစေသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့၏ ကာကွယ်ရေးကုန်ကျစရိတ်မျှခံရေး ညှိနှိုင်းဆွေးနွေးပွဲမတိုင်မီ တောင်ကိုရီးယားနှင့် အမေရိကန် အကြိုဆွေးနွေး

**ဆိုးလ် ဩဂုတ် ၂၀**
တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ထားရှိမှု ကုန်ကျစရိတ်အပေါ် တောင်ကိုရီးယားနိုင်ငံက မျှဝေကျခံရမည့်ပမာဏနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲမတိုင်မီ တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ သံတမန်များသည် ဩဂုတ် ၂၀ ရက်က အကြိုဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံတွင် နေရာချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၈၅၀၀ ခန့်အတွက် တောင်ကိုရီးယားနိုင်ငံက ပေးရမည့်ပမာဏနှင့်ပတ်သက်သည့် တရားဝင်ဆွေးနွေးညှိနှိုင်းမှုမတိုင်ခင် သဘောထားအမြင်ချင်းဖလှယ်ရန်အတွက် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ချန်ဝမ်ဆမ်သည် အမေရိကန်နိုင်ငံမှ ရာထူးအဆင့်တူပုဂ္ဂိုလ် တင်မိုသီဘက်ထ်စ်နှင့် ဆိုးလ်မြို့တွင် တံခါးပိတ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်ဟု ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ လီဂျေဝန်းက ယင်းတံခါးပိတ်ဆွေးနွေးပွဲသည် ကာကွယ်ရေးကုန်ကျစရိတ် မျှခံရေးသဘောတူစာချုပ်ဖြစ်သည့် (၁၁) ကြိမ်မြောက် အထူးစီမံချက်သဘောတူညီချက် (SMA) နှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲမတိုင်မီ အကြိုဆွေးနွေးခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခင် SMA သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ်အတွက် ဝမ် ၁ ဒသမ ၀၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၆၂ သန်း ) ပေးရန် သဘောတူခဲ့သည်။ ယင်းပမာဏသည် ယခင်နှစ်ကပေးရသည့် ပမာဏထက် ၈ ဒသမ ၂ ရာခိုင်နှုန်းပိုများသည်။ တစ်နှစ်သက်တမ်းရှိ ယင်းသဘောတူညီချက်သည် ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ တရားဝင် ဆွေးနွေးညှိနှိုင်းမှုများကို စက်တင်ဘာလအစောပိုင်းတွင် စတင်မည်ဟု မျှော်လင့်ရသည်။

လာမည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ ဆက်လက်ထားရှိရန်အတွက် တောင်ကိုရီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ငါးဘီလီယံ မျှဝေကျခံရန် အမေရိကန်နိုင်ငံဘက်က မေတ္တာရပ်ခံထားကြောင်း ဒေသတွင်း မီဒီယာအချို့က ရေးသားဖော်ပြကြသည်။ ယင်းပမာဏသည် ယခုနှစ်ပေးရသည့် ပမာဏ၏ ခြောက်ဆနီးပါးဖြစ်သည်။

စစ်ရပ်ဆိုင်းရန် နှစ်ဖက်သဘောတူညီမှုဖြင့် အဆုံးသတ်ခဲ့သည့် ၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲ၏ အမွေအဖြစ် တောင်ကိုရီးယားနိုင်ငံသည် ၁၉၉၁ ခုနှစ်မှစ၍ ၎င်း၏နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ကာကွယ်ရေးအသုံးစရိတ် တစ်စိတ်တစ်ပိုင်းကို တာဝန်ယူနေရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ကာတာနှင့် ပါကစ္စတန် ဆွေးနွေး

**ဒိုဟာ ဩဂုတ် ၂၀**
ကာတာနှင့် ပါကစ္စတန်နိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် ဩဂုတ် ၁၉ ရက်က ကာတာနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကာတာကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကာတာ ကာကွယ်ရေးဝန်ကြီး ခါလစ်ဘင်မိုဟာမက် အယ်လ်အတ်တီယသည် ကာတာနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိနေသော ပါကစ္စတန်နိုင်ငံ၏ ပူးတွဲစစ်ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌ ဇူဘဲယားမာမွတ်ဟာယတ်အား လက်ခံတွေ့ဆုံပြီး နှစ်ဖက်အကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။




ကာတာကာကွယ်ရေးဝန်ကြီး အတ်တီယနှင့် ပါကစ္စတန်နိုင်ငံ၏ ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ ဟာယတ်တို့သည် ဆွေးနွေးစဉ် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာနှင့် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးများကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် အတ်တီယနှင့် ဟာယတ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲလေ့ကျင့်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း ကာတာကာကွယ်ရေးဝန်ကြီးဌာနက ထပ်မံဖော်ပြထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့အကြားတွင် AA အဖွဲ့၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကျဆုံးကာ သုံးဦးဒဏ်ရာရရှိ ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်သုံးစီး ပျက်စီး




**နေပြည်တော် ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့အကြား ပက်ခွက်ဆိပ်ကျေးရွာနှင့် ပြိုင်းတောကျေးရွာအနီး၌ ယနေ့တွင် AA အဖွဲ့၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးကာ သုံးဦးဒဏ်ရာရရှိပြီး ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်သုံးစီး ပျက်စီးသွားကြောင်း သိရသည်။

**နယ်မြေရှင်းလင်းဆောင်ရွက်**

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ပြီး စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာလာသည့် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ရဲမှူးဦးစီးစစ်ကြောင်း ၁ နှင့် တပ်ခွဲ ၁ ခွဲသည် နံနက် ၉ နာရီခန့်တွင် တပ်ဖွဲ့ပိုင်မော်တော်ယာဉ်များဖြင့် ချီတက်လာစဉ် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး ပုဏ္ဏားကျွန်းမြို့မှ ၁၆ မိုင်ခန့်အကွာ ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့အကြား ပက်ခွက်ဆိပ်ကျေးရွာအနီးနှင့် ပြိုင်းတောကျေးရွာအနီးတို့တွင် AA အဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် ရဲအရာရှိတစ်ဦး၊ ရဲတပ်သားတစ်ဦး၊ စုစုပေါင်းနှစ်ဦး ကျဆုံးကာ ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ပြီး တပ်ဖွဲ့ပိုင် မော်တော်ယာဉ်သုံးစီး ပျက်စီးခဲ့ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများမှ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာတွင် တရားမဝင်တင်သွင်းထားသော ပိုးသတ်ဆေးများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

စိုက်ပျိုးရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ရန်ကုန်မြောက်ပိုင်းခရိုင် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့၊ အထူးရဲအဖွဲ့နှင့် စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဩဂုတ် ၁၆ ရက်တွင် သတင်းအရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၆)ရပ်ကွက် အောင်ဇေယျ City အိမ်ရာ အင်း၀(၅)လမ်း အမှတ်(၁၈၅)ခြံဝင်းသို့ ဝင်ရောက်စစ်ဆေးရာ အင်းလေးရတနာ ကုမ္ပဏီလီမိတက်မှ တရားမဝင်တင်သွင်းထားသော လီတာ ၂၀၀ ဆံ့ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးပီပါ ၁၁၀ တွေ့ရှိရသဖြင့် ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**လိုင်စင်များကို ခွင့်ပြုထုတ်ပေး**

ပိုးသတ်ဆေးဥပဒေအရဖွဲ့စည်းထားသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် နိုင်ငံအတွင်း သုံးစွဲခွင့်ပြုမည့် ပိုးသတ်ဆေးများ၏ အာနိသင်ထိရောက်မှုရှိရန်၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အန္တရာယ်ရှိမှုနည်းစေရန်၊ အရည်အသွေးပြည့်မီသော ပိုးသတ်ဆေးများ တောင်သူများ လက်ဝယ်အသုံးပြုနိုင်ရန်အတွက်စိစစ်၍ ပိုးသတ်ဆေးမှတ်ပုံတင်နှင့် လိုင်စင်များကို ကြီးကြပ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

**တားမြစ်ထား**

ပိုးသတ်ဆေးဥပဒေပုဒ်မ ၃၁ အရ မည်သူမျှမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်းမပြုလုပ်ရဟု တားမြစ်ထားကာ ပိုးသတ်ဆေးဥပဒေပုဒ်မ ၃၂ အရ မည်သူမျှလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှတင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းမပြုလုပ်ရဟု တားမြစ်ထားပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ စိစစ်ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေးများတင်သွင်း၊ ဖော်စပ်ထုတ်လုပ်၊ ပြန်လည်ထုပ်ပိုး၊ ဖြန့်ဖြူးရောင်းချ ဆောင်ရွက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် ပိုးသတ်ဆေးပုဒ်မ (၄၄)အရ တရားစွဲဆိုသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော အမှုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



# တန့်ဆည်၊ ကနီနှင့် အင်ပူတို့၌ တရားမဝင်သစ်များ ဖမ်းမိ



**နေပြည်တော် ဩဂုတ် ၂၀**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ဆည်မြို့နယ် တန့်ဆည်-အင်္ဂကြားလမ်းတွင် သရီးကရောင်းခြောက်ဘီး ယာဉ်တစ်စီးပေါ်မှ တမလန်းခွဲသား ဆိုက်စုံ ၁ ဒသမ ၅၃၆၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

**အရေးယူနိုင်ရေးဆောင်ရွက်**

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မုဒ္ဒောကျေးရွာအောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေးမှ စက်လှေတစ်စင်းနှင့်အတူ ဖောင်လေးဖောင်ပေါ်မှ ကျွန်း၊ အင်ခွဲသား ခန့်မှန်း ၃၃ တန်ခန့်နှင့် အင်္ဂပူမြို့နယ် ကျွဲသောင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာ အနောက်ဘက်မှ ပျဉ်းကတိုး၊ ဇင်ပြွန်း၊ ဖက်ဝန်း၊ သစ်ကတိုးခွဲသား ၁၇ ဒသမ ၈၆၉၆ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူနှင့် ဆက်စပ်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ငရုပ်ကောင်းတောင်ကျေးရွာအနီး၌ ယာဉ်တိမ်းမှောက်၊ လေးဦးဒဏ်ရာရ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငရုပ်ကောင်းမြို့ ငရုပ်ကောင်းတောင်ကျေးရွာအနီး ပုသိမ်-မော်တင်ကားလမ်းမိုင်တိုင်အမှတ် ၅၁ နှင့် ၅၂ ကြားတွင် ယနေ့ နံနက် ၃ နာရီခန့်က ရန်ကုန်-ပုသိမ်-ဟိုင်းကြီးကျွန်းသို့ ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်တစ်စီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်ကိုးဦးအနက် လေးဦး ဒဏ်ရာရရှိပြီး ဟိုင်းကြီးကျွန်းမြို့ကျုံကူးတိုက်နယ်ဆေးရုံတွင် (မစိုးရိမ်ရ) ဒဏ်ရာများဖြင့် ဆေးဝါးကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရီးသည်တင်ယာဉ်သည် ယနေ့ နံနက် ၃ နာရီက ပုသိမ်-မော်တင်ကားလမ်း မိုင်တိုင်အမှတ် ၅၁ နှင့် ၅၂ ကြားအရောက်တွင် ရှေ့မှမောင်းနေသောယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(တ) **လျော်ကြေး (Compensation)** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းရာတွင် သိမ်းဆည်းသည့်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံနှင့် အခြားမရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ သီးပင်စားပင်များအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူအား ပေးလျော်သည့် လျော်ကြေးငွေကို ဆိုသည်။

(ထ) **နစ်နာကြေး(Damage)** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းကြောင့် အောက်ပါထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ထိခိုက်နစ်နာသူတို့အား ပေးလျော်ရသည့် ငွေကြေးကို ဆိုသည်-

(၁) ပြန်လည်နေရာချထားခြင်းမပြုမီ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ နေရေး ထိုင်ရေးနှင့် စားသောက်ရေးအတွက် ကုန်ကျစရိတ်များရှိခြင်း၊

(၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များ ရပ်ဆိုင်းသွားသည့်အတွက် ဝင်ငွေဆုံးရှုံးခြင်း၊

(၃) မြေသိမ်းဆည်းခြင်းအတွက် မြေတိုင်းတာခြင်း၊ အမှတ်အသားများ စိုက်ထူခြင်းနှင့် အတားအဆီးများ ရှင်းလင်းဖယ်ရှားခြင်းတို့ပြုရာတွင် အဆောက်အအုံများနှင့် သီးပင်စားပင်များ ပျက်စီးဆုံးရှုံးခြင်း။

(ဒ) **ရွှေ့ပြောင်းနေရာချထားစရိတ်** ဆိုရာတွင် သိမ်းဆည်းခြင်းခံရသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားရသော ကုန်ကျစရိတ်များနှင့် ရွှေ့ပြောင်းသည့်နေရာ၌ နေထိုင်ရန်အတွက် ထောက်ပံ့မှုများ ပါဝင်သည်။

(ဓ) **ပြန်လည်နေရာချထားခြင်း** ဆိုသည်မှာ သိမ်းဆည်းမြေပေါ်မှ ရွှေ့ပြောင်းခံရသည့် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ဤဥပဒေအခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် လူနေအိမ် အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ စီစဉ်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(န) **ပြန်လည်ထူထောင်ခြင်း** ဆိုရာတွင် မြေသိမ်းဆည်းခံရမှုကြောင့် အကျိုးစီးပွားထိခိုက် နစ်နာသူများအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရ ဤဥပဒေအခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ယာယီဘဝရပ်တည်မှုကုန်ကျစရိတ်များ၊ လူမှုရေး ပံ့ပိုးမှုလုပ်ငန်းစဉ်များ စသည့် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင်ပေးသည့် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသောမြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဖ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဗ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအလို့ငှာ တာဝန်ခံဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဘ) **မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့** ဆိုသည်မှာ မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်းအသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါ မြေသိမ်းဆည်းမှုလုပ်ငန်းအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကို ဆိုသည်။

(မ) **ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့** ဆိုသည်မှာ မြေပိုင်ဆိုင်ခွင့်ရှိသူအား ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို တာဝန်ခံ၍ ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကို ဆိုသည်။

(ယ) **မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ** ဆိုသည်မှာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဤဥပဒေအရ မြေသိမ်းဆည်းရေးနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးရန် ဖွဲ့စည်းပေးသော အဖွဲ့ခွဲကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော အမျိုးသားမြေအသုံးချမှု မူဝါဒများကို အခြေခံပြီး အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) အများပြည်သူအကျိုးအလို့ငှာ ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းဖြင့် မြေသိမ်းဆည်းခြင်းခံရသူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) မြေသိမ်းဆည်းခြင်းပြုရာတွင် ထိခိုက်နစ်နာသူများနှင့် ဒေသခံပြည်သူများပါဝင်သော လုပ်ငန်းစဉ်များဖြင့် ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ထိခိုက်နစ်နာသူတို့အတွက် တရားမျှတသည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန်၊

(င) မြေသိမ်းဆည်းရာတွင် မြေစွန့်လွှတ်ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ခံစားခွင့် အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် ပြန်လည်နေရာချထားပေးခြင်း သို့မဟုတ် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင်ပေးခြင်းတို့ ပြုနိုင်ရန်၊

(စ) မြေကိုသိမ်းဆည်းပြီး အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်။

(ဆက်လက်ဖော်ပြပါမည်)

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၂၂။ (က) ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၄(က) ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိကသော်လည်းကောင်း၊ ဦးစီးဌာန မှတ်ပုံတင်အရာရှိက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် သော်လည်းကောင်း ခွင့်ပြုခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍ မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲခြင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၁ ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲခြင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

၂၃။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ နှစ်လဲ သက်တမ်းတိုးမှတ်ပုံတင်ပေးရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးမှ လျှောက်ထားပါက ဦးစီးဌာနက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၄။ မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ပုဒ်မ ၂၆ (ခ) ပါ ကိစ္စရပ်များမှအပ မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ခြင်းများ ပြုလုပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၅။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စ တစ်ရပ်ရပ် ပေါ်ပေါက်လာပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းနိုင်သည်-

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်ပိုင်ရှင်ကို ဆင့်ခေါ်ရာတွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း။

(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

(ဂ) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၂၆။ (က) ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စ တစ်ရပ်ရပ် ဖြစ်ပွားလျှင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်-

(၁) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည်အထိ ပျက်စီးခြင်း။

(၂) မော်တော်ယာဉ်ကို မြန်မာနိုင်ငံ ပြင်ပသို့ အပြီးအပိုင် ယူဆောင်သွားခြင်း။

(၃) မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ပုဒ်မ ၂၃ အရ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ခြင်း ဆောင်ရွက်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း။

(၄) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်း ကျော်လွန်ခြင်း။

(၅) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မော်တော်ယာဉ်ပိုင်ရှင်က အထောက်အထားခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

(ခ) ဦးစီးဌာနသည် မော်တော်ယာဉ် အဓိကအစိတ်အပိုင်းများနှင့် အခြားအချက်အလက်များ ပြောင်းလဲခြင်းတွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုရမည်။

**အခန်း(၆)**

**မော်တော်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်များ**

၂၇။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်တို့နှင့်စပ်လျဉ်း၍ အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြားလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် မိမိဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သင့်လျော်သော အရာရှိများအား လိုင်စင်ထုတ်ပေးသူ အရာရှိများ အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၂၈။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစား အလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားများကို သတ်မှတ်ရမည်။

၂၉။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ရရှိလိုသူသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူ အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးလိုသူသည် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူ အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၀။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် -

(က) ပုဒ်မ ၂၉ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(၁) သတ်မှတ်ချက်များနှင့်ညီညွတ်၍ စစ်ဆေးမှုအောင်မြင်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ဦးစီးဌာနက သတ်မှတ်ထားသည့် သက်တမ်းအတိုင်း သတ်မှတ်၍ ထုတ်ပေးရမည်။

(၂) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်းပြုနိုင်သည် -

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

( ခ ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

( ဂ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(၁) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများက နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် တရားခွင်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

ခြွင်းချက်။ တရားသူကြီးများသည် ဥပဒေတစ်ရပ်ရပ်အရ ကျမ်းသစ္စာပြုရန် ကင်းလွတ်ခွင့်ရှိသူဖြစ်ပါက ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသောအမှုများကို တရားသူကြီး တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## သဘာဝဘေးဖြစ်ပေါ်နိုင်သည့်ဒေသများ Digital Map ထုတ်လုပ်ရေးဆွေးနွေး

**ပဲခူး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် နေရာဒေသများအား Digital Map ထုတ်လုပ်နိုင်ရေး Asia Air Survey Myanmar Co., Ltd မှ တာဝန်ရှိသူများသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

Asia Air Survey Myanmar Co., Ltd မှ Regional Director ဦးမင်းသူက မိမိတို့ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်းရှိ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်စီမံကိန်းများနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားတတ်သည့် နေရာဒေသများအား Digital Map ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေရသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်ပေးခဲ့သည့် Digital Map တွင် မြေပြင်အနိမ့်အမြင့်၊ ရေစီးရာလမ်းကြောင်း၊ ရေမြုပ်နိုင်သည့်ဒေသ၊ နေရာ၊ အနာဂတ်မြို့ပြ တိုးချဲ့ခြင်းများနှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများလည်း ပါဝင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးမြစ်သည် ပဲခူးမြို့လယ်ကောင်တွင် ဖြတ်သန်းစီးဆင်းနေ၍ မြို့တစ်ခုလုံး၏ မြေပြင်အနိမ့်အမြင့် အတိအကျရေးဆွဲထားသည့် Digital Map တစ်ခုလိုအပ်ကြောင်း၊ Digital Map ၏ အားသာချက်သည် ထပ်မံလိုအပ်ချက်များကို ဖြည့်စွက်နိုင်မည်ဖြစ်ပြီး Up to Date လည်းဖြစ်၍ မြို့ပြအတွက်သာမက ဆည်၊ တမံများအတွက်လည်း အလွန်အသုံးဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **တင်စိုး(ပဲခူး)**





## ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၀**

မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အချို့၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုဖြစ်ပွားခဲ့မှုအပေါ် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်မှာ ဩဂုတ် ၉ ရက်ကစပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှု ဖြစ်စဉ်အားလုံးအပေါ်မှာ ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေအားလုံးကို ဌာနတစ်ခုချင်းစီက တင်ပြရန်ဖြစ်ကြောင်း၊ လတ်တလောအရေးကြီးလိုအပ်နေသည့် အခြေအနေ၊ လတ်တလောအရေးကြီးပြင်ဆင်ရမည့် အခြေအနေ၊ လတ်တလောမဟုတ်သော်လည်း ယခုနှစ်အတောအတွင်းမှာ ပြင်ဆင်ရမည့်အခြေအနေများနှင့် နောက်တစ်ချက်မှာ ရေရှည်ဆောင်ရွက်ရမည့် အခြေအနေဆိုပြီး အပိုင်းသုံးပိုင်းခွဲကာ တင်ပြပေးဖို့နှင့် နောင်နှစ်များတွင် ကာကွယ်ဖို့အတွက် ရေတိုရေရှည်အစီအစဉ်များကို တင်ပြကြရန် ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများ၊ ပြန်လည်ပြုပြင်ရမည့် ကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသောဌာနဆိုင်ရာများက မိမိတို့ဌာနတွင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများကို တင်ပြကြရာ တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးလှုပ်ရှားမှု(သွားကျန်းမာရေး) ဆရာ ဆရာမများ ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး ဩဂုတ် ၂၀**

ကျောင်းကျန်းမာရေးလှုပ်ရှားမှု (သွားကျန်းမာရေး) ဆရာ ဆရာမများ ဆင့်ပွားသင်တန်းကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမတွင် ဖွင့်လှစ်သည်။

"အစားအသောက်စားပြီးတိုင်း ပါးစပ်နဲ့ သွားတွေ သန့်ရှင်းရေး ပြုလုပ်ပေးခြင်းဟာ သွားရောဂါအတွက် အကောင်းဆုံးကာကွယ် နည်းဖြစ်ပါတယ်။ သွားနှင့် ခံတွင်းကျန်းမာရေးဟာ ခန္ဓာကိုယ်တစ်ခုလုံးရဲ့ကျန်းမာရေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံမူလတန်းကလေးအရွယ်ကတည်းက သွားကျန်းမာရေးကို စနစ်တကျ ဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးဖို့လိုပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် က ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇင်၊ ဦးစီးအရာရှိ(သွားကျန်းမာ)ဒေါက်တာနှင်းဝေဝေတို့က သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြသည်။ **တင်မောင် (မန်းကိုယ်ပွား )**

## မန္တလေးမြို့တွင် ရေဘေးကယ်ဆယ်ရေး ဓာတ်ပုံအရောင်းပွဲတော်ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

ဓာတ်ပုံအနုပညာချစ်သူများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေး ဓာတ်ပုံအရောင်းပွဲတော်ကို မန္တလေးမြို့ ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြားရှိ ကျုံးတောင်ဘက်၌ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစ၍ ဖွင့်လှစ်ရောင်းချသည်။

ဓာတ်ပုံအရောင်းပွဲတော်ကို အထက်မြန်မာပြည်မှ ဓာတ်ပုံပညာရှင်များ၊ မန္တလေးမြို့မှ ဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံအနုပညာ ချစ်မြတ်နိုးသူများ စုပေါင်းကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၁၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဓာတ်ပုံပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသထားကြောင်း၊ ဓာတ်ပုံအရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြောင်း၊ ရောင်းချရငွေများအားလုံးကို မြန်မာနိုင်ငံအတွင်းရှိ ရေဘေးအန္တရာယ်ခံစားနေရသော ပြည်သူများထံ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံအနုပညာချစ်သူများအဖွဲ့မှ ဓာတ်ပုံဆရာကိုဇော်ဇော်ကောင်းစံက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဘိုင်ယန်မြူးနစ်အသင်းကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့သွားပြီဖြစ်တဲ့ ဘာစီလိုနာကွင်းလယ်ကစားသမား ကော်တင်ဟို

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ကော်တင်ဟိုအား အမြဲတမ်းစာချုပ်ဖြင့် ဝယ်ယူနိုင်မယ့်အခွင့်အလမ်းတစ်ရပ်ပါဝင်တဲ့ တစ်ရာသီ အငှားစာချုပ်တစ်ရပ်ကို ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အငှားဖြင့်ခေါ်ယူမှုအတွက် ဘာစီလိုနာအသင်းကို ပေါင် ၈ ဒသမ ၅ သန်းပေးရမှာဖြစ်ပြီး အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူမယ်ဆိုပါက ပေါင်သန်း ၁၂၀ ပေးရမှာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် အငှားစာချုပ်နဲ့ ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားနေစဉ် ကာလအတွင်းမှာလည်း ကော်တင်ဟိုရဲ့လုပ်ခလစာကို ဘိုင်ယန်မြူးနစ်အသင်းက ပေးချေရမှာဖြစ်ပါတယ်။ ကော်တင်ဟိုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ဘာစီလိုနာအသင်းက လီဗာပူးအသင်းထံကနေ ပြောင်းရွှေ့ကြေးပေါင် ၁၄၂ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ကော်တင်ဟိုဟာ ဘာစီလိုနာ အသင်းနဲ့အတူ ၇၆ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၁ ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။




ငွေကြယ်-စုစည်းသည်



# ပေါ့ဂ်ဘာရဲ့ပင်နယ်တီလွဲချော်မှုကြောင့် သရေတစ်မှတ်နဲ့သာ ကျေနပ်လိုက်ရတဲ့ မန်ယူ

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂)အဖြစ် ဝုလ်ဗက်အသင်းနဲ့ ကစားခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ကွင်းလယ်ကစားသမားပေါ့ဂ်ဘာ ပင်နယ်တီလွဲချော်ခဲ့ရတာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ပြီး သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ပေါ့ဂ်ဘာရဲ့ ပင်နယ်တီလွဲချော်မှုကလည်း ပြီးခဲ့တဲ့ဘောလုံးရာသီကစလို့ လေးကြိမ်အထိ ပင်နယ်တီလွဲထားတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းအတွက် အခုပွဲမှာ သွင်းဂိုးတစ်ဂိုးကို မာရှယ်လ်က သွင်းယူပေးခဲ့တာဖြစ်ပြီး သရေပွဲဖြစ်ခဲ့လို့ နှစ်ပွဲကစားအပြီးမှာ ရမှတ်လေးမှတ်ပဲရထားပါတယ်။ တိုက်စစ်မှူးမာရှယ်လ်ကတော့ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ် သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ လာမယ့်ပရီမီယာလိဂ် ပွဲစဉ်(၃)မှာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ကစားရမှာဖြစ်ပြီး ဝုလ်ဗက်အသင်းကတော့ ဘန်လေအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

## အနုပညာ

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်

ကျော်ကြားတဲ့ ဟောလိဝုဒ်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျေမီဖောက်ဇ်နဲ့ မင်းသမီး ကေတီဟုမ်းစ်တို့ဟာ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်နေပါတယ်။ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်တို့ လမ်းခွဲသွားခဲ့ပြီဖြစ်ကြောင်း သတင်းတွေနဲ့အတူ ဂျေမီဖောက်ဇ်ရဲ့ အချစ်သစ်နဲ့ပတ်သက်ပြီးလည်း သတင်းတွေ တစ်ပြိုင်နက်ပေါ်ထွက်လာနေကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ပြီးခဲ့တဲ့ ခြောက်နှစ်တာကာလအတွင်း တိတ်တဆိတ် ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတဲ့ ဟောလိဝုဒ်ရဲ့ထိပ်တန်းကြယ်ပွင့်စုံတွဲဟာ လက်ရှိမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ ဒီလိုလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာ ဂျေမီဖောက်ဇ်က သူ့ဘဝရဲ့ အရေးအကြီးဆုံးသော အမျိုးသမီးနှစ်ဦးဖြစ်တဲ့ သမီးတွေနဲ့ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

ကေတီဟုမ်းစ်နဲ့ ဂျေမီဖောက်ဇ်တို့ဟာ ပြီးခဲ့တဲ့ မေလအတွင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက သတင်းတွေပေါ်ထွက်လာပြီး မကြာမီမှာပင် အတူတွဲကာတွေ့ခဲ့ရပြန်ပါတယ်။ ဒီတစ်ကြိမ် သတင်းတွေပေါ်ထွက်လာရာမှာလည်း ကာယကံရှင်တွေက လက်ရှိအချိန်အထိတော့ တရားဝင်အတည်ပြုပြောကြားခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

# မွေးနေ့မှာ အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲတက်ရောက်ခဲ့တဲ့ ဒေမီလက်ဗားတိုး

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဒေမီလက်ဗားတိုးဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့ မွေးနေ့မှာတော့ အခြားသော ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲကို သွားရောက်အားပေးခဲ့တာ တွေ့ရပါတယ်။ ဖျော်ဖြေပွဲမှာ အပေါင်းအသင်းတွေနဲ့ကခုန်ခဲ့တဲ့ ပုံရိပ်တွေကို ဒေမီလက်ဗားတိုးက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာဖော်ပြခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒေမီလက်ဗားတိုးဟာ ဩဂုတ် ၂၀ ရက်မှာ ၂၇ နှစ်ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမွေးနေ့မှာ အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲကို တက်ရောက်လာတဲ့ ဒေမီလက်ဗားတိုးကို အရီရန်နာဂရန်းဒ်နဲ့ အခြားသော သူငယ်ချင်းတွေက ဖျော်ဖြေပွဲမစတင်မီမှာ အံ့ဩဖွယ်မွေးနေ့ပွဲလေးကို ဖန်တီးပေးခဲ့ပြီး မွေးနေ့ဆုတောင်းတွေ ပြောကြားပေးခဲ့ကြကာ အတူကခုန်ခဲ့ကြကြောင်းလည်း သိရပါတယ်။

အေးပြည့်- စုစည်းသည်



# တေးသီချင်းသစ် ဖန်တီးနေတဲ့ ဟယ်ရီစတိုင်

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ ကမ္ဘာကျော် မဂ္ဂဇင်းကြီးတစ်ခုဖြစ်တဲ့ Rolling Stone ရဲ့ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့အပြင် ပေါ့ပ်ကြယ်ပွင့်ဟာ လတ်တလောမှာ တေးသီချင်းဖန်တီးနေကြောင်းနဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ “ Sign of the Times ” တေးသံရှင် ဟယ်ရီစတိုင်ဟာ အဆိုပါမဂ္ဂဇင်းရဲ့စက်တင်ဘာလထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် ပါဝင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ဟယ်ရီစတိုင်ဟာ အဖွဲ့ဖျက်သိမ်းကြောင်းကြေညာခဲ့ပြီးနောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ကာ ပထမဆုံးသော သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ၂၀၁၇ ခုနှစ် မေလအတွင်း စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ လက်ရှိမှာလည်း ဒုတိယမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပြင်ဆင်နေပြီး ယခုနှစ်နွေရာသီနှောင်းပိုင်းမှာ ထုတ်လွှင့်သွားနိုင်ဖွယ်ရှိကြောင်း သတင်းရင်းမြစ်က ပြောကြားခဲ့တာ ဖြစ်ပါတယ်။

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လာတဲ့ ဟယ်ရီစတိုင်ဟာ သူ့ရဲ့အနုပညာရပ်ဝန်းကိုလည်း ချဲ့ထွင်ခဲ့ပါတယ်။ သူဟာ သရုပ်ဆောင်နယ်ပယ်ကိုပါ ခြေချလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကအကြောင်း ရိုက်ကူးထားတဲ့ ရုပ်ရှင် “Dunkirk” မှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် နောက်ပိုင်းမှာ ဟယ်ရီစတိုင်ပါဝင်ရိုက်ကူးသွားမှာဖြစ်ကြောင်း သတင်းတွေထွက်ခဲ့တဲ့ရုပ်ရှင်တွေလည်း ရှိခဲ့ပါတယ်။

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေး တောင်းခံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေး တောင်းခံချက်များမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း . . . . .

# A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူ Technician များ ပျိုးထောင်ပေးရာ အင်းစိန် GTI

ဆောင်းပါး - နန္ဒာဝင်း
ဓာတ်ပုံ - တာရာ

ဆယ်စုနှစ်တစ်ခုကျော် တိတ်ဆိတ်သွေ့ခြောက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ (ပြည်တော်သာ) ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) (သို့မဟုတ်) အင်းစိန် GTI ကျောင်းတော်ကြီးသည် ကျောင်းသား ကျောင်းသူများဖြင့် သက်ဝင်စိုပြည်ခဲ့သည်မှာ ပညာသင်နှစ် နှစ်ခုတိုင်ခဲ့ပြီဖြစ်သည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် မြို့ပြအင်ဂျင်နီယာ(Civil Engineering)၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ(Electronic Engineering)၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(Electrical Power Engineering)၊ စက်မှုအင်ဂျင်နီယာ(Mechanical Engineering)၊ စက်မှုလုပ်ငန်းအင်ဂျင်နီယာ (Industrial Engineering)၊ သုတနည်းပညာဘာသာရပ်(Information Technology) များကို သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းကာလမှာ သုံးနှစ်ဖြစ်ကာ သင်တန်းပြီးဆုံးပါက A.G.T.I ဒီပလိုမာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး ထူးချွန်စွာအောင်မြင်သူများကို နည်းပညာတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုထားသည်။

ယခင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အင်းစိန် GTI ပထမနှစ်သင်တန်းများကို တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်းစိန် GTI ကျောင်းအုပ်ကြီး တွဲဖက်ပါမောက္ခ ဦးမြတ်ကိုက "၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကစပြီး ကျောင်းပြန်ဖွင့်တာဖြစ်တဲ့အတွက် A.G.T.I က ဒုတိယနှစ်ပဲ ရှိပါသေးတယ်။ ကျွမ်းကျင်သူ Technician တွေကို မွေးထုတ်ပေးနေတာဖြစ်ပါတယ်။ လက်ရှိမှာ Quality Assurance ဖြစ်အောင် ဖော်ဆောင်ဖို့ ဆောင်ရွက်နေပါတယ်။ ကျွမ်းကျင်သူ Technician တွေဖြစ်ဖို့ အင်းစိန် GTI ကို လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ကျောင်းဝင်ခွင့်ကို ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ် အနိမ့်ဆုံး ၁၄၄ မှတ်ဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အနိမ့်ဆုံး ၁၃၄ မှတ်ဖြင့်လည်းကောင်း ခေါ်ယူခဲ့ကြောင်း အင်းစိန် GTI မှ သိရသည်။

အင်းစိန် GTI တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပထမနှစ် ကျောင်းသား ကျောင်းသူ ၂၆၅ ဦးနှင့် ဒုတိယနှစ် ၁၉၅ ဦး စုစုပေါင်း ၄၆၀ လက်ခံသင်ကြားပေးလျက်ရှိသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၏ ကနဦးအစမှာ စက်မှုလက်မှုပညာသင်ကျောင်း (Government Engineering School)အဖြစ် ၁၉၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်ဘူတာရုံအနောက်ဘက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၂၈ ခုနှစ်တွင် အဆိုပါနေရာမှ အင်းစိန်ဘူတာအရှေ့ဘက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Government School of Engineering ဟု ခေါ်ဆိုခဲ့သည်။

၁၉၀၈ ခုနှစ်တွင် အင်းစိန်ရွာမရှိ ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Government School of Engineering and Technical High School ဟု ခေါ်ဆိုခဲ့သည်။

၁၉၁၂ ခုနှစ်မှစ၍ ယနေ့အထိ Government Technical Institute (GTI) ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ ၁၉၉၅-၁၉၉၆ ခုနှစ် ဒုတိယနှစ်သင်တန်းများကို သန်လျင် GTI သို့ ပြောင်းရွှေ့သင်ကြားခဲ့ရသည်ဟု မှတ်တမ်းများအရ သိရပြီး ၂၀၀၀ ပြည့်နှစ်တွင် အင်းစိန် GTI ကို စတင်ပိတ်ထားခဲ့သည်။

၂၀၀၇ ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက်တွင်မူ အင်းစိန် GTI ကျောင်းတော်ကြီး၏ ပရဝဏ်တစ်ခုလုံးတွင် ဝန်ထမ်းအိမ်ရာ၊ ကားအရောင်းပြခန်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကကျောင်းတစ်ခုစသည်ဖြင့် နေရာပေး၍ ၎င်းတို့၏ ကိုယ်ပိုင်မြေနေရာသဖွယ် အသုံးပြုခဲ့ကြသည်။



**"အင်းစိန် GTI သည် ၁၉၂၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော သမိုင်းဝင်ကျောင်းဖြစ်ပြီး အလယ်အလတ်ကျွမ်းကျင် A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများကို အဓိက လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သော ကျောင်းတစ်ကျောင်းဖြစ်"**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဦးမောင်မောင်ဦး

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက သမိုင်းအစဉ်အလာကြီးမားသည့် **စက်မှုလက်မှုသိပ္ပံ အင်းစိန် GTI ကို ယခင်ကအတိုင်း နယ်ပယ်စုံ စက်မှုအတတ်သင်သိပ္ပံကျောင်းအဖြစ် ပြန်လည်ထိန်းသိမ်းပြီး သင်တန်းကျောင်းအဖြစ် ပြန်လည်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့သည်။

အဆိုပါ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန် GTI သည် ၁၉၂၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော သမိုင်းဝင်ကျောင်းဖြစ်ပြီး အလယ်အလတ် ကျွမ်းကျင် A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများကို အဓိက လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သော ကျောင်းတစ်ကျောင်းဖြစ်ပါကြောင်း၊ ယခု အစိုးရသစ်လက်ထက်တွင် အင်းစိန် GTI ၌ မူလအတိုင်း နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း ဖြေကြားခဲ့သည်။

အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေဖြင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ပထမဦးဆုံးမေးခွန်းဖြစ်ပြီး အင်းစိန် GTI ကျောင်းကြီး ပြန်လည်ဖွင့်လှစ်ရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းဖြစ်ပုံကို ဦးမောင်မောင်ဦးက "နောင်ကို ဘယ်အစိုးရမျိုးကမှ ဒါမျိုး ထပ်မံမကျူးလွန်မိစေဖို့ အသိပေးလိုစိတ်၊ နောင်မျိုးဆက်သစ်တွေရဲ့အနာဂတ်မှာ အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

အင်းစိန် GTI ကျောင်းတော်ကြီးတွင် ကျောင်းသားကျောင်းသူများအတွက် စာသင်ခန်းများ၊ အဆောင်များ၊ အားကစားကွင်းနှင့် သင်ထောက်ကူပစ္စည်းများ တည်ရှိနေဆဲဖြစ်သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှု လက်မှုသိပ္ပံ (အင်းစိန် GTI) ပထမနှစ်သင်တန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အင်းစိန် GTI စက်မှုအင်ဂျင်နီယာ ဒုတိယနှစ်ကျောင်းသား မောင်ဇင်မိုးလွင်က "ဒီကျောင်းကြီးအောင်မြင်တိုးတက်၊ နာမည်ဂုဏ်သတင်းကြီးချိန်တုန်းက ကျွန်တော်တို့ကတော့ မမွေးသေးပါဘူး။ ၁၇ နှစ်ကျော်ကြာ ပိတ်ထားခဲ့ရပြီး အခုလိုပြန်ဖွင့်လိုက်တဲ့အချိန်မှာ တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ မိသားစုနဲ့ တစ်မြို့တည်းနေလို့ရတယ်။ အခြားတက္ကသိုလ်တွေလို အဝေးကြီးသွားစရာ မလိုဘူး။ သွားရေးလာရေး အဆင်ပြေတယ်။ အချိန်ကုန်သက်သာတဲ့အတွက် စာလေ့လာကျက်မှတ်ဖို့ အချိန်ပိုရတယ်၊ ပညာရေးကို ပိုပြီးအာရုံစိုက်နိုင်ပါတယ်" ဟု ပြောသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ညနေပိုင်းသင်တန်းများအနေဖြင့် မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

"အင်းစိန် GTI ကျောင်းက အရင်ကတည်းက နာမည်ကြီးတယ်။ စာသင်ချိန်က တစ်နေ့ကို ၇ နာရီ လောက်ပေးထားပြီး လက်တွေ့ပိုင်းကို ပိုပြီးဦးစားပေးတယ်။ ဆရာနဲ့ ကျောင်းသားအချိုးမမျှတဲ့ အခက်အခဲနည်းနည်းကလွဲလို့ စက်ပစ္စည်းကိရိယာ၊ သင်ထောက်ကူပစ္စည်းတွေလည်း ပြည့်စုံပါတယ်"ဟု မြို့ပြအင်ဂျင်နီယာ ဒုတိယနှစ်ကျောင်းသူ မမြင့်မိုရ်ထွဋ်ဦးက ပြောသည်။

လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ဒုတိယနှစ်ကျောင်းသား မောင်ပြည့်ဖြိုးသန်းက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအပိုင်းကို စိတ်ဝင်စားပြီး ကျွမ်းကျင်သည့် ပညာရှင်တစ်ယောက်ဖြစ်လိုသည့်အတွက် ၎င်းအနေဖြင့် Electrical Power - EP ဘာသာရပ်ကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ အင်းစိန် GTI သည် ယခင်ကတည်းက နာမည်ကြီးကျောင်းဖြစ်ပြီး မိမိတို့လက်ထက်တွင် ကျွမ်းကျင်သည့် ပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားခြင်းဖြင့် ကျောင်း၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောသည်။

ကာလတိုသင်တန်းများအနေဖြင့် အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းသင်တန်း၊ စက်ရုံပိုင်းဆိုင်ရာ စက်ကိရိယာများ ထိန်းချုပ်တပ်ဆင်ခြင်းသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိဖွင့်လှစ်ခဲ့ပြီး အထည်ချုပ်ဆိုင်ရာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း၊ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို ဆက်လက်အကောင်အထည်ဖော် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းစိန် GTI ကျောင်းသည် မြန်မာနိုင်ငံ၏ ပထမဆုံး စက်မှုလက်မှုပညာသင်ကျောင်းဖြစ်ပြီး နှစ်ပေါင်း ၁၂၀ ကျော်သက်တမ်းရှိပြီဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ ပြည့်မြောက်ခဲ့သည့်အတွက် အထိမ်းအမှတ်ပွဲများကို ကျင်းပခဲ့သည်။



သမိုင်းဝင်အဆောက်အအုံတစ်ခု ဖြစ်သည့်အတွက် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံတစ်ခုအဖြစ် အပြာရောင်ကမ္ပည်းပြားကိုလည်း တပ်ဆင်သတ်မှတ်ထားပြီးဖြစ်သည်။

"ကျောင်းကြီးရှေ့က ဖြတ်သွားတိုင်း တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်၊ ဂုဏ်သိက္ခာရှိရှိ ကျောင်းတက်နေကြတဲ့ လူငယ်ကျောင်းသားမျိုးဆက်သစ်တွေကို မြင်ရတော့ ဝမ်းသာမိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေဟာ လူငယ်ကျောင်းသားတွေကို ဘယ်လောက်တန်ဖိုးထားတယ်၊ မျှော်လင့်တယ်၊ ဘယ်လောက်အထိ အားကိုးတယ်ဆိုတာ သက်သေပြနေတာပဲဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်က ကျောင်းသားတစ်ယောက်ဖြစ်ခဲ့တဲ့ ကျွန်တော့်အနေနဲ့လည်း ဒီကျောင်းတော်ကြီးကို ကျောင်းသားတွေလက်ထဲ ပြန်ရောက်အောင် ပေးအပ်နိုင်ခဲ့တာကို ကျေနပ်ပျော်ရွှင်မိပါတယ်။ ဒီကျောင်းတော်ကြီးမှာ တက်ရောက်ခဲ့တဲ့ ကျောင်းသားဟောင်းတွေလည်း ကျွန်တော့်လိုပဲ ထပ်တူခံစားဂုဏ်ယူကြမယ်လို့ ယုံကြည်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက ပြောသည်။ ။

**ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေဟာ လူငယ်ကျောင်းသားတွေကို ဘယ်လောက်တန်ဖိုးထားတယ်၊ မျှော်လင့်တယ်၊ ဘယ်လောက်အထိ အားကိုးတယ်ဆိုတာ သက်သေပြနေ**

## ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဆင့်ပွားသင်တန်းဖွင့်

**အလုံ ဩဂုတ် ၂၀**

မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်း၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက အလုံမြို့နယ် ဌာနာရပ်ကွက်ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ကျင်းပပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ဆွေဆွေထွန်းက မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဝင်းက မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြီး နံနက်ပိုင်းတွင် အခမ်းအနားပြီးမြောက်ကြောင်း သိရသည်။

**မောင်ဦး (အလုံ)**

## မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့မှ မွန်နှင့်ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၀**

မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အလုပ်အမှုဆောင်အဖွဲ့က ငွေကျပ် သိန်း ၅၀ နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့က ငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(မွန်ပြည်နယ်) အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား အတွင်းရေးမှူး ဒေါက်တာသန်းလွင်က လက်ခံရယူခဲ့သည်။

အလားတူ ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)အလုပ်အမှုဆောင်အဖွဲ့က ငွေကျပ် သိန်း ၅၀ကို ယင်းနေ့တွင်ပင် လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း (ကရင်ပြည်နယ်) အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား အတွင်းရေးမှူး ဒေါက်တာမျိုးမြင့်မြတ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာစိုင်းကျော်ခမ်းလောင်တို့က လက်ခံရယူခဲ့သည်။

**ကြေးမုံ**

## မိတ္ထီလာမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၂၀**

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ရေလွှမ်းမိုးခံဒေသများမှ ရေဘေးသင့်ပြည်သူများအတွက် ပရဟိတအဖွဲ့များနှင့်ဦးဆောင်စေတနာရှင်အဖွဲ့တို့ပူးပေါင်း၍ မိတ္ထီလာမြို့ဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီးရှေ့တွင် အလှူခံဌာနဖွင့်လှစ်အလှူခံလျက်ရှိရာ အလှူရှင် စေတနာရှင်များက အလှူငွေများ နေ့စဉ်ထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ရေလွှမ်းမိုးခံဒေသခံများမှ ရေဘေးသင့်ပြည်သူများအတွက် မိတ္ထီလာမြို့ရှိကမ်းလက်များ၊ ရတနာမယ်၊ ချန်ပီယံမုန့်တိုက်၊ အဖြူရောင်ကြယ်၊ မြတ်နိုးပီတိ၊ မျိုးဆက်သစ် မြတ်ပါရမီ၊ ရွှေစောလူးမေတ္တာမွန်၊ ငြိမ်းအေးဝေစည်၊ သီလရှင်ဘက်စုံလှူဒါန်းရေးနှင့် လူမှုကူညီရေးအသင်း၊ ဥက္ကလာပညီနောင်၊ လုမ္ဗိနီ၊ လွတ်လပ်ရေးပရဟိတလူငယ်၊ မိတ္ထီလာကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၊ ကုန်သည်ကြီးများအသင်း၊ GTC ကျောင်းသား ကျောင်းသူဟောင်းများစသည့် ပရဟိတအဖွဲ့များနှင့် ဦးဆောင်စေတနာရှင်များက ပူးပေါင်း၍ ဩဂုတ် ၁၅ ရက်မှ ၂၃ ရက်အထိ အလှူခံဌာနဖွင့်လှစ်ပြီး အလှူခံလျက်ရှိရာ စေတနာရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။ ထိုသို့ အလှူရှင် စေတနာရှင်များက အလှူငွေများ နေ့စဉ် လာရောက်လှူဒါန်းခဲ့ရာ ဩဂုတ် ၁၉ ရက်အထိ အလှူငွေကျပ် ၂၆၂ သိန်းကျော် ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျွန်းသစ်လုံးကြီးနှင့် ကျွန်းမင်းလုံးကြီး လင်းနို့ဂူတွင်ပြသထား

**ကန့်ဘလူ ဩဂုတ် ၂၀**

လင်းနို့ဂူ သဘာဝပတ်ဝန်းကျင် အသိပညာပေးနှင့် အပန်းဖြေစခန်းတွင် သာလွန်မင်းတရားကြီးခေတ်က ပေါက်ရောက်ခဲ့သည်ဟု ယူဆရသော ကျွန်းသစ်လုံးကြီးနှင့် ကျွန်းမင်းလုံးကြီးကို အများပြည်သူ လေ့လာနိုင်ရန် နေ့စဉ်ပြသထားသည်။

၁၉၃၆ခုနှစ်က ဟုမ္မလင်းမြို့နယ် လွှစင်ကုန်းကျေးရွာ ဦးကျော်ထွေး၏ လယ်ကွင်းအတွင်း မြေအောက် အနက် ၁၁ ပေ ခန့်မှ ကိုလိုနီခေတ် သစ်ထုတ်လုပ်မှု အမှတ်တံဆိပ်ပါသော ကျွန်းသစ်လုံးကြီး၊ ကျွန်းဖြတ်ပိုင်းပေါ်ရှိ နှစ်အလိုက် ကွင်းများ(နှစ်ကွင်းများပါရှိ)အား တူးဖော်ရရှိခဲ့သည်။



ကျွန်းသစ်လုံးနှင့်အတူ ကျွန်းမင်းသစ်တစ်လုံးကိုလည်း သမိုင်းကိုယှဉ်၍ ဗဟုသုတရရှိစေရန် ခင်းကျင်းပြသထားရာ ဗဟုသုတ လေ့လာသူများ၊ အများပြည်သူ များ လာရောက်လေ့လာလျက် ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# လျှော်ဘေးအန္တရာယ် လေ့ကျင့်သရုပ်ပြ

**လယ်ဝေး ဩဂုတ် ၂၀**

နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်တော် ပရဟိတကျောင်းတွင် သဘာဝအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် လျှော်ဘေးအန္တရာယ် ဇာတ်တိုက် လေ့ကျင့်သရုပ်ပြမှုကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

လယ်ဝေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကောင်းမြတ်နောင်က မီးဘေး၊ လေဘေး၊ ရေဘေးနှင့်စပ်လျဉ်းသည့် သဘာဝအန္တရာယ်ဆိုင်ရာများကို အသိပညာပေးပြီး လျှော်လှုပ်ခတ်မှု လက်တွေ့ ဇာတ်တိုက်မှုကို ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၀ ဦးတို့က လျှော်လှုပ်သည့်အခါ ပိတ်မိလူနာများကို ကယ်ထုတ်ခြင်းဆိုင်ရာ သရုပ်ပြခဲ့ကြောင်း သိရသည်။

**ဆရာမင်း (ရှုပဗေဒ)**

# ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းလေ့ကျင့်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလတွင် ကစားမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ဩဂုတ် ၁၉ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီး ကစားသမားသစ်များ၊ တစ်ကျော့ပြန် လက်ရွေးစင်ကစားသမားများ ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား-**ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရောဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)၊ **နောက်တန်း-**ဇော်မင်းထွန်း(ချောင်ဘူရီ)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ကျော်ဇင်လွင် (ရောဝတီ)၊ ဇော်ရဲထွန်း၊ သိန်းသန်းဝင်း (ရတနာပုံ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ဟိန်းသီဟဇော် (ရှမ်းယူနိုက်တက်)၊ ရွှေလှိုင်ဝင်း (ဟံသာဝတီ)၊ အောင်ဝဏ္ဏစိုး(ဇွဲကပင်)၊ **အလယ်တန်း-**ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင်၊ တင်ဝင်းအောင် (ရောဝတီ)၊ ကြည်လင်း၊ ဇွန်မိုးအောင် (ဇွဲကပင်)၊ သန်းထက်အောင် (ဆာမတ်ဆာခွန်)၊ လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ ဆွမ်လမန် (ရှမ်းယူနိုက်တက်)၊ ရန်နိုင်အောင် (ဟံသာဝတီ)၊ **ရှေ့တန်း-**ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်)၊ အောင်ကောင်းမာန် (ရောဝတီ)၊ ပြည်မိုး (မကွေး)နှင့် ကောင်းစည်သူ (Southern)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ရာဒူလိုဗစ်သည် ဇွန်လက စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့သည့် လူစာရင်းမှ ကစားသမားအများစုကို ပြန်လည်ရွေးချယ်ထားပြီး ပြည့်ဖြိုးအောင် (ဂိုး)၊ ရွှေလှိုင်ဝင်း၊ တင်ဝင်းအောင်၊ ဇွန်မိုးအောင်၊ ကြည်လင်း၊ ကောင်းစည်သူ၊ ပြည်မိုး၊ အောင်ကောင်းမာန်နှင့် အောင်ဝဏ္ဏစိုးတို့ကို ပဏာမလူစာရင်းတွင် ထည့်သွင်းရွေးချယ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်ပြီး ယင်းပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဩဂုတ် ၃၀ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် ဩဂုတ် ၂၆ ရက်တွင် တရုတ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## တိုတိုထွာထွာဖတ်စရာ

### ကျောက်ပန်းတောင်းမြို့နယ်တွင် အသိပညာပေး

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံမြောက်ကျေးရွာတွင် ဩဂုတ် ၁၉ ရက်မွန်းလွဲ ၁ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စားသုံးသူကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာများနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အမှတ်(၉၃)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သျှန်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျေးလက်ကျန်းမာရေးမှူးက သွေးလွန်တုပ်ကွေးရောဂါ၊ စားသုံးသူကာကွယ်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံဒေါ်မြသန္တာထွန်းက စားသုံးရန်မသင့်သောအစားအသောက်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်ကေခိုင်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗဟုသုတဆိုင်ရာများ၊ ကျောက်ပန်းတောင်း-မိတ္ထီလာ ကလေးသူငယ်အရေးဆောင်ရွက်သူများအဖွဲ့မှ ဒေါ်နန်းမြင့်ဦးက ကလေးသူငယ် ဥပဒေအကြောင်း ပညာပေးဟောပြောကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### အချုပ်သူ အချုပ်သားများကို သုတရသစာအုပ်များငှားရမ်း

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့မရဲစခန်း အချုပ်ခန်းထဲရှိ အချုပ်သူ၊ အချုပ်သားများ စာပေဗဟုသုတလေ့လာဖတ်ရှုနိုင်ရန် ဩဂုတ် ၁၉ရက် နံနက် ၉ နာရီ ခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် စာစဉ်များ သွားရောက်ငှားရမ်းပေးခဲ့သည်။

မြို့မရဲစခန်းမှူးဒုရဲမှူးတင်အောင်က အချုပ်ခန်းထဲနေရသည့် ကာလအတွင်းမှာ ဘာပဲပြောပြော အချိန်ကိုအကျိုးရှိရှိနှင့် ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာစာအုပ်တွေကို ဖတ်ရှုလေ့လာကြရန်ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အချုပ်ခန်းထဲရှိ အချုပ်သား၊ အချုပ်သူများအား စာအုပ်စာစဉ်များ ငှားရမ်းပေးကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန် / ဆက်)**

### ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှု ကြည့်ရှု

**ပဲခူး**

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့လေးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာစာကြည့်တိုက်တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါစာကြည့်တိုက်သည် အလျားပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး မြစိမ်းရောင်စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၀၀ ၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀ ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်းသိရသည်။

**ကြေးမုံ**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော်**

နေပြည်တော်ရှိ အဖြူရောင်အနာဂတ် မိသားစုပရဟိတအသင်း၊ ထေရဝါဒ ဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှု အကျိုးဆောင်(လူငယ်)အဖွဲ့၊ ပန်းပျိုးသောလက် ပရဟိတအဖွဲ့စုသည့် ပရဟိတအဖွဲ့ သုံးဖွဲ့ ပူးပေါင်း၍ ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ထော်ပလော့ကျေးရွာရှိ လူဦးရေ ၆၀၀ အတွက်လည်းကောင်း၊ ကော့ခလောက်ကျေးရွာရှိ လူဦးရေ ၉၀၀ အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်အမျိုးမျိုး၊ စားသောက်ကုန်မျိုးစုံ၊ မုန့်မျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ်၁၁၅ သိန်းခန့်အား ကျေးရွာများရှိ ရေဘေးသင့် ဒေသခံများထံသို့ ထောက်ပံ့ခဲ့သည်။

ထို့ပြင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံကြီးတို့မှ ဆရာဝန်များကလည်း ဒေသခံများ၏ ကျန်းမာရေးကို စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

**မော်လမြိုင်**

မွန်ပြည်နယ်တွင် ရေကြီးနစ်မြုပ်သည့် ကျေးရွာများအား ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးမောင်၊ ခရိုင်ဦးစီးမှူး ဦးအေးနိုင်နှင့် ဝန်ထမ်းများသည် ရေးမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာလေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် ယူနီဆက်တို့က ထောက်ပံ့ပေးအပ်သော ပစ္စည်းမျိုးစုံတို့ကိုရေဘေးသင့်ပြည်သူများထံပေးအပ်သည်။

ယင်းနောက် ကျောင်းရွာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၈ ရွာမှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး သောက်သုံးရေသုံးစွဲမှု အခြေအနေများကို မေးမြန်းခဲ့ကြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ထောက်ပံ့ပေးအပ်သော ရေသန့်စင်စက်ယာဉ်ဖြင့် သန့်ရှင်းသော သောက်သုံးရေများကို ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရှိ ရေဘေးသင့် ပြည်သူများအတွက် Pacific-AA Foundation မှငွေကျပ် ၁၀ သိန်းဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို တနင်္သာရီမြို့ ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီက လှူဒါန်းခဲ့သည်။

ဩဂုတ် ၁၃ ရက်ကလည်း မော်လမြိုင် ပြည်သူ့ဆေးရုံကြီး၊ သထုံမြို့နယ် ပြည်သူ့ဆေးရုံ၊ ပေါင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မုတ္တမမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင်လည်း ဘားအံမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဆေးရုံတစ်ရုံလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၀ ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများအား လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပွင့်သစ္စာ**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ အသောကာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ အမှူးပြုသော ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ ပရဟိတအဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ပြည်သူများ ထည့်ဝင်လှူဒါန်းသော ဆန်နှင့် စားသောက်ကုန်၊ အိမ်သုံးပစ္စည်းများကို ဩဂုတ် ၁၈ ရက်က မွန်ပြည်နယ် ရေးမြို့နယ် ရေဘေးသင့် ကျေးရွာခြောက်ရွာမှ အိမ်ထောင်စုဝင်များထံသွားရောက်လှူဒါန်းခဲ့သည်။

ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ ပရဟိတအဖွဲ့ဝင်များသည် ရေးမြို့နယ်မှ ရေဘေးသင့်ကျေးရွာများဖြစ်ကြသော ကျောက်တိုင်ကျေးရွာ၊ အဖျော့ကျေးရွာ၊ နယ်ပြာကျေးရွာ၊ ကင်ပွန်းကျေးရွာ၊ မဏိပူရမရမ်းကျေးရွာ၊ ခဲ့တိုက်ကျေးရွာရှိ အိမ်ထောင်စု ၄၄၆ စုအတွက် ဆန်သုံးပြည်အိတ် ၆၀၀၊ စောင်အထည် ၆၆၀၊ ခြင်ထောင် ၃၃၀ နှင့် ငါးသေတ္တာ ၈၃၆ ဘူးကိုအိမ်ထောင်စုဝင်များထံ ပေးအပ်လှူဒါန်းခဲ့ပြီး ကျန်ကျေးရွာများသို့လည်း သွားရောက်လှူဒါန်းရန်စီစဉ်ထားကြောင်း သိရသည်။


**စိုးဝင်း (ကျောက်တန်း)**

C B BANK

# နှစ်ပတ်လည်ဆုတောင်းသဝဏ်လွှာ

CB Bank နှင့် (၂၇)နှစ်တာကာလအထိ အစဉ်လက်တွဲဆောင်ရွက်လျက်ရှိသော Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်ရန် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ဘဏ်ဝန်ထမ်းများနှင့် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံ၍ စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက် အောင်မြင်ပြီး CB Bank နှင့်အတူ ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ပါရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

CB Bank မိသားစု



# THE CENTRAL

## WHERE THE FINEST MEET




## LIMITED LAKE-VIEW UNITS AVAILABLE

**HOTLINE**
**+959 777 773 770**
/THECENTRALYANGON

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

**GALLERY SHOWROOM**
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှစိန် (မုဒုံ)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့ အမှတ်(၂၉၀)၊ ပထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးကျင်ပု-ဒေါ်စိန်နှင်း)တို့၏ သမီး၊ (ဦးမောင်လှ)၏ ညီမ၊ (ဒေါ်စိန်အုံ)၊ ဦးသောင်းမြ၊ ဒေါ်တင်လှတို့၏ အစ်မ၊ တူ/တူမ ၁၄ ယောက်တို့၏ ချစ်လှစွာသောအဒေါ်သည် ၂၀-၈-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၂၉၀)၊ (ပ)ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ် ရီရီနွဲ့

၇၄-၇၈(ရူပဗေဒ)

စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း(ငြိမ်း)

### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်)-ဒေါ်ခင်ရီတို့၏ သမီး၊ [ဒုဗိုလ်မှူးကြီးသိုးထိန်း (ငြိမ်း)]-ဒေါ်သောင်းတင်တို့၏ သမီးချွေးမ၊ တိုက်(၂၄)၊ အခန်း(၃၅)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါက်တာပေါ်ဦးတင်)၏ ချစ်လှစွာသောဇနီး၊ ကိုငြိမ်းလွင်ဦး (Uniteam Marine)၊ ကိုထက်ပိုင်ဦး(2nd Mate F.G, Myanmar Five Star Line)တို့၏ ချစ်လှစွာသောမိခင်၊ ဦးမျိုးအောင်-ဒေါ်ဖြူဖြူခင်၊ ရဲမှူးကြီး ဦးဝင်းကြည်-ဒေါ်လှဲ့လှဲ့ဝင်းရည်၊ ဦးခင်မောင်ဦး-ဒေါ်ဌေးဝင်း၊ ဒေါက်တာညိုညိုလှဲ့-ဦးထွေးဝင်း၊ ဒေါ်နီလာ-ကပ္ပတိန်ဦးကျော်စွာမျိုးဝင်းတို့၏ ညီမ/အစ်မ၊ မချစ်သုစစ်ငြိမ်း(အထက-၂၊ လသာ)၏ ချစ်လှစွာသောအဘွား ဒေါ်ရီရီနွဲ့သည် ၁၉-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းရီ

### အသက်(၉၈)နှစ်

(ဦးသာရ-ဒေါ်စန်းရီ စိန်ရွှေရတနာရောင်းဝယ်ရေး)

သူငယ်ချင်း ဒေါ်ချိုချို(ပျဉ်းမနားမြို့)၏ မိခင်ကြီးသည် ၁၉-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၉ ခုနှစ်၊ စီးပွားရေးတက္ကသိုလ်)**
**(ဘွဲ့ရသူငယ်ချင်းများ)**

သဲကုန်း အ-ထ-က ပူဇော်ကန်တော့ခံ ဆရာကြီးများအတွက်

## အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သဲကုန်းမြို့ အစိုးရအထက်တန်းကျောင်း ကျောင်းသား/ကျောင်းသူဟောင်းများမှ ၆-၇-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားသော ဆရာကြီးဦးစံအောင် (အ-လ-ပြ-ငြိမ်း) ကျီးသဲမြို့ အသက်(၇၈)နှစ်သည် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းနှင့် ၁၉-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသော ဆရာကြီး ဦးဦးသွင် (လ/ထ မြို့နယ်ပညာရေးမှူး-ငြိမ်း) ပေါက်ခေါင်းမြို့၊ အသက်(၇၂)နှစ်သည် ကျောက်ဆည်မြို့တို့၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း-

**သဲကုန်း (အ-ထ-က) ကျောင်းသား/ကျောင်းသူဟောင်းများ**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## တစ်လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

### ချစ်ဇနီးဒေါ်ဝေဝေတင့် (ကုန်းပေါ်၊ အလက၊ ရွှေညောင်)

၂၁-၇-၂၀၁၉ ရက်နေ့တွင် ဘဝ၏ နောက်ဆုံးအချိန်ကို တစ်ဦးတည်းကြိုတင် ပြင်ဆင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားနိုင်ခဲ့တာ မေ့လို့မရပါ။ ဘဝခရီးကို နှစ်ပေါင်း (၃၀)နီးပါး အတူ လက်တွဲလျှောက်ခဲ့ပြီးမှ အရင်ခွဲခွာသွားပေမယ့် တို့နှစ်ယောက် တရားအလုပ်ကို စောပြီးလုပ်ဖြစ်တယ်၊ မောင်လည်း ဆက်လုပ်နော်လို့ ဝေပြောခဲ့တာကို သတိရနေပါတယ်။ တစ်လပြည့် ဝေ့ကိုရည်စူးပြီး မောင်တို့အိမ်မှာ သံဃာတော်တွေပင့်ဖိတ် အရဏ်ဆွမ်း ကပ်အလှူဒါနများ ပြုလုပ်ပါတယ်။ ပြုလုပ်ပြီး ပြုလုပ်ဆဲ ကုသိုလ်ဒါနများအတွက် အမျှပေးဝေပါတယ်။ ဝေ ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ချစ်ခင်ပွန်း-ဦးစိုးတင့်လွင် (အထက-၈၊ တောင်ကြီး)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုရဲမှူး သောင်းလွင် (အပတ်စဉ် ၃၆/၉၈)

#### အမှတ်(၃၂)၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ

မိတ္ထီလာမြို့နေ ဦးကျော်စိန်-ဒေါ်ပုတို့၏သား၊ ဦးရွှေလွန်း-ဒေါ်ရီသန်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဌေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဇင်နိုင်ထွန်း (တတိယနှစ်၊ ဘူမိဗေဒ၊ မိတ္ထီလာတက္ကသိုလ်)၊ မမြတ်သူဇာ (စတုတ္ထတန်း)တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး ဒုရဲမှူး သောင်းလွင် အသက် (၄၇)နှစ်သည် ၂၀-၈-၂၀၁၉ ရက် ၉း၃၀နာရီတွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်နေစဉ် တိုင်းပြည်အတွက် အသက်ပေးလှူသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ယူကြုံးမရဖြစ်ရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဒုရဲအုပ်လောင်း အပတ်စဉ် (၃၆/၉၈)**
**သူရတပ်ခွဲမှ သူငယ်ချင်းများ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကေလာသ

ရပ်ကွက်သံဃနာယက (ရွှေကျင်)

### သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၅၇)နှစ်

ရန်ကုန်မြို့ သဃ်ာကျွန်းမြို့နယ်၊ (၉)တောင်ရပ်ကွက်၊ စေတိယပါလစာသင်တိုက်၏ ဦးစီးပဓာနနာယက မဟာထေရ်ဖြစ်တော်မူသော ဘဒ္ဒန္တကေလာသသည် (၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်)၊ နံနက် ၁၀း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ အန္တိမ အဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါက်တာဇာရဲလ်ဒါထွန်းနေ (Dr. Zeralda Tun Ne)

မေ့ဆေးဆရာဝန်ကြီး (ငြိမ်း)

### အသက် (၉၀)

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ် (၁၁၈)၊ မင်းကြီးလမ်းနေ (ဦးထွန်းနေ-ဒေါ်ကြော့)တို့၏ သမီး၊ [ဦးစောစတန်လီမောင်စိန် (B.P.I )]၏ ဇနီး၊ (ဦးစောလှရှိန်-ဒေါက်တာဒေါ်စီလှရှိန်)တို့၏ညီမ ဒေါက်တာ ဇာရဲလ်ဒါထွန်းနေသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အင်းစိန်ရွာမနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဗိမ္မာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဆွေဦး (သန်လျင်၊ သဘာဝတရားရိပ်သာ)

### အသက် (၇၇) နှစ်

သန်လျင်မြို့ သဘာဝတရားရိပ်သာနေ (ဦးစိန်ဖေ-ဒေါ်ခင်မာအေး)တို့၏ သမီး၊ [ဒုတိယဗိုလ်မှူးကြီး ကျော်အေး(ငြိမ်း)]၏ဇနီး၊ ဦးအောင်ကျော်ကျော်ဦး-ဒေါ်ဆွေဇင်ထိုက်၊ ဒေါက်တာသူရကျော် (အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါ ဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာသက်သက်အောင် (အထူးကုဆရာဝန်ကြီး၊ အကြောအဆစ်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မမိုးပြည့်ပြည့်ကျော်၊ မောင်သွင်ပြည့်စုံထွန်း၊ မောင်ဝေယံမိုးအောင်တို့၏ အဘွားသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်အေး

အလက(၇)၊ တောင်ဥက္ကလာပ(ငြိမ်း)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟီရိလမ်း၊ လမ်း(၂၀)၊ အမှတ်(၅၂၂)နေ (ဦးချစ်တီး-ဒေါ်ကျင်မြိုင်)တို့၏ သမီးကြီး၊ (ဒေါ်ကျင်နု)၊ ဒေါ်ကျင်ပု၊ ဦးမောင်မောင်-ဒေါ်ခင်အုန်းကြည်၊ ဦးမောင်ငယ်-ဒေါ်ရီရီစန်း၊ (ဦးကျော်လှိုင်)၊ ဒေါ်ကျင်မြ-ဦးအောင်အောင်၊ ဒေါ်မြမြဝင်းတို့၏ အစ်မကြီး၊ တူ/တူမ ကိုးယောက်တို့၏ ကြီးတော်သည် ၁၉-၈-၂၀၁၉(တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းသောင်းအေး(ပုသိမ်) (၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးမောင်မောင်-ဒေါ်မြသစ်)တို့၏ သမီး၊ ဦးမောင်မောင်လွင်(အကောက်ခွန်ဦးစီးဌာန)-ဒေါ်မာမာ၊ ဒေါ်ကြည်ကြည်ဝေ (ချောက်ရေနံချက်စက်ရုံ)၊ ဦးလှိုင်သူ (ချောက်ရေနံချက်စက်ရုံ)-ဒေါ်နီနီထွေး၊ ရဲအုပ်ထွန်းထွန်းအောင် (အမှတ်-၁၈၊ ရဲတပ်ရင်း)-ဒေါ်ချောငယ်ငယ်၊ ဗိုလ်မှူးဇော်မင်းလတ် (ယာယီတပ်ရင်းမှူး မဆရ-၁၂)-ဒေါ်ပွင့်ဖြူခိုင်၊ ဗိုလ်ကြီးနောင်နောင်ထွေး (တဆရ ၇/၂၅)-ဒေါ်သင်းသင်းဆွေ(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘွား၊ ဦးမြစန်း၏ ချစ်လှစွာသောဇနီးသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် အမှတ်(၃/၆၁)၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၃)၊ မဥ္ဇူသက္ကလမ်းနေ (ဦးမြစန်း-ဒေါ်သောင်းသောင်းအေး)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာကြည်

### အသက် (၆၄) နှစ်

ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဆားကန်ကျောင်းလမ်း၊ အမှတ်(၁၆)၊ မြေညီနေ (ဦးကျော်ဝင်း-ဒေါ်ခင်ရွှေ)တို့၏ သမီးကြီး၊ (ဦးမောင်ကို-ဒေါ်သန်းရွှေ)တို့၏ သမီးချွေးမ၊ ဦးဝင်းမြင့်၏ ချစ်လှစွာသောဇနီး၊ ဦးသိန်းနိုင်-ဒေါ်ချယ်ရီဝင်းမြင့်၊ ဦးအောင်ဇော်ဦး-ဒေါ်ဇွန်လေးမြင့်၊ ဦးသန့်ဇော်ထူး-ဒေါ်အေးမို့မို့ခိုင်၊ ဒေါ်အိဖြိုးခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၉-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မြောင်းမြမြို့ တိုက်သစ်ပဋ္ဌောတာရုံ ကျောင်းတိုက် မဟာနာယက

မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ဩဝါဒါစရိယ

## ဆရာတော် ဘဒ္ဒန္တဂုဏသိရ

### သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၄)နှစ်

(ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ ဂန္ထကာရက ဗောဓိကျမ်းပြုဆရာတော်)

မြောင်းမြမြို့ တိုက်သစ်ပဋ္ဌောတာရုံ ကျောင်းတိုက် မဟာနာယက၊ မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဂုဏသိရ မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်)၊ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်)၊ ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌ သာဓုကီဠနပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ပင့်ဆောင်ပြီး ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သံဃာတော်များ ဒါယကာ၊ ဒါယိကာမများက နောက်ဆုံးပူဇော်လျက် ညနေ ၅း၁၀ နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မှော်ဘီမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်း (မဟာစည်ယောဂီ)

### အသက်(၁၀၅)နှစ်

(ဆင်ပေါင်ဝဲ/ကျောက်တန်း)

သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့ သမာဓိမြို့ဝန် (ဦးစိုး-ဒေါ်ကျင်မိ)တို့၏ သမီး၊ ကျောက်တန်းမြို့ ရေလယ်ဘုရားလမ်း၊ အမှတ် (၂၄)နေ (ဦးဖွယ်-ဒေါ်ဂျန်း)တို့၏ သမီးချွေးမ၊ [ဦးကျင်ဝမ်း(ခ) ဦးအောင်ခိုင်]၏ ဇနီး၊ ဦးစိန်ကျော်-ဒေါ်အေးသိန်း(ထ/ပြ-ငြိမ်း)၊ (ဦးမြင့်လွင်)-ဒေါ်ခင်မာမာဝေ၊ ဦးငွေဇင်-ဒေါ်တင်ထွေး၊ ဦးအောင်အောင်လွင်-ဒေါ်ညွန့်ညွန့်ဝေတို့၏ မွေးသမိခင်၊ မြေး ၁၉ ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်သန်းသည် ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၆၃) နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်စု

### အသက် (၈၀)

ဟင်္သာတ

ဟင်္သာတမြို့ အမှတ်(၁၁၀)၊ မနော်ဟရီလမ်း၊ စိန်ကမ္ဘာအိမ်နေ (ဦးစိုးနိုင်)၏ ဇနီး၊ (ဦးအောင်ကျော်ဦး)-ဒေါ်သက်သက်စိုး၊ ဦးရဲမြတ်စိုး-ဒေါ်ယုဇနအေး၊ ဦးဇော်မင်းစိုး၊ ဦးအောင်ကိုမြတ်စိုး-ဒေါ်နွေးနွေးတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၈-၂၀၁၉ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့၊ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## အာနိသင်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၄၉၅)၊ မြေကွက်တည်နေရာအမှတ်(၄၉၅)၊ ဗန္ဓုလလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမောင်မောင်ကြီး (CI-၀၃၁၉၅၉) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမောင်မောင်ကြီး ကွယ်လွန်သဖြင့်ဇနီးဖြစ်သူ ဒေါ်ရင်ရင်မေ [၁၂/ဗတထ(နိုင်)၀၂၃၈၁၈]ထံမှ GP အမှတ်-၁၇၀၇၀/၁-၃-၁၉ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်နီနီယဉ် [၁၂/မဂဒ(နိုင်) ၀၀၉၈၆၇]မှ ပါဝါမူရင်း၊ ကျမ်းကျိန်လွှာ ဦးမောင်မောင်ကြီး၏သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဒေါ်ရင်ရင်မေမှ ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်(၂)စောင် တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခဲ့ခြင်းအား ကွင်းဆင်းစစ်ဆေးရာ ပျဉ်ကာသွပ်မိုး ၁ထပ်အိမ်တွင် ဒေါ်မေသဇင် မိသားစုနေပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝင်စာအမှတ် (၅၃၅၃/၁၉-၆-၁၉)ဖြင့် ဝန်ခံကတိတင်ပြလာပါသဖြင့် GP ဒေါ်နီနီယဉ်၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဦးသန်းအေး (ရေနေကြီး)

### အသက်(၇၁)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နေ (ဦးရွှေဝန်-ဒေါ်ငွေကျွန်း)တို့၏ သား၊ (ဦးကံညွန့်-ဒေါ်အပ်တင်)တို့၏ မောင်၊ ဒေါ်ဝင်းတင်၏ ခင်ပွန်း၊ (ဦးညွန့်ဝင်းသန်း)၊ ဦးခင်ဆွေ-ဒေါ်သဇင်အေး၊ (ဦးမောင်မောင်ထွန်း)-ဒေါ်သီတာအေး၊ ဒေါ်ချိုသက်အေးတို့၏ ဖခင်၊ ဗိုလ်ကြီးအောင်မြင့်မြတ်၊ မအေးမြတ်မွန်၊ မောင်လင်းမြတ်အောင်၊ မောင်ဟန်ထူးအောင်တို့၏ အဘိုး ဦးသန်းအေး သည် ၁၇-၈-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် နေပြည်တော် အထွေထွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစောမြင့် (သန်လျင်)

အကြီးတန်းစာရေး(ပဆင-ငြိမ်း) ရန်ကုန်တောင်ပိုင်းခရိုင်

### အသက်(၆၉)နှစ်

သန်လျင်မြို့ အမှုထမ်းရပ်ကွက်၊ သန့်စင်လမ်းသွယ်၊ အမှတ် (၇)နေ (ဦးထွန်းရှိန်-ဒေါ်ကြင်)တို့၏ သား၊ (ဦးအုန်းရင်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဒေါ်အေးအေးဝင်း၏ခင်ပွန်း၊ (ဦးဌေးလွင်)၊ ဒေါ်မြင့်မြင့်စန်း (အထက-၁၊ သန်လျင်)၊ (ဒေါ်ဝင်းသိင်္ဂီထွန်း)တို့၏ အစ်ကိုကြီး၊ ကိုနေထွန်းအောင်-မခိုင်သူဇာမြင့်(ခေတ္တ-ဂျပန်)၊ ကိုဖြိုးဝေလင်း-မနှင်းနွယ်မြင့် (အထက-ခွဲ၊ မြေယာရိုး)၊ မောင်သာတင့်အောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်လင်းသုတကို၏ အဘိုးသည် ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြရီ

### အသက်(၈၉)နှစ်

ဒေါက်တာဦးညွန့်အောင် (တွဲဖက်ပါမောက္ခ/မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း)၏မိခင် ဒေါ်မြရီသည် ၁၇-၈-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အမေရိကန်၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအပေါ် ရုရှားနှင့်တရုတ်တို့ ပြင်းထန်စွာ ဝေဖန်**

စာမျက်နှာ » ၁၂

**ဖိလစ်ပိုင်၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် လူ ၈၀၀ ကျော် သေဆုံး**

စာမျက်နှာ » ၁၃

**ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့ အကြားတွင် AA အဖွဲ့၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကျဆုံးကာ သုံးဦးဒဏ်ရာရရှိ ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် သုံးစီးပျက်စီး**

စာမျက်နှာ » ၁၄



# ဂုတ်တွင်း ယာယီဘေလီတံတားတွင် ကားများဖြတ်သန်းသွားလာခွင့်ပြုပြီ

**ရန်ကုန်  ဩဂုတ်  ၂၀**

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် မူဆယ်-ရွှေလီ၊ ချင်းရွှေဟော်-မိန်းတိန် နယ်စပ်ကုန်သွယ်ရေးစခန်းသွားကားလမ်းပေါ်မှ ဩဂုတ် ၁၅ ရက်က မိုင်းခွဲခံလိုက်ရသည့် ဂုတ်တွင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၅ ရက်နှင့်အပြီးတည်ဆောက်လိုက်ပြီး ယနေ့မွန်းလွဲ ၁ နာရီတွင် အိမ်စီးကားငယ်များကို ယာယီဘေလီတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါဘေလီတံတားမှာ အလျားပေ ၂၁၀ ရှိပြီး သုံးလွှာတစ်ထပ် နှစ်လမ်းသွားတံတားဖြစ်သည်။ တံတားပစ္စည်းများကို ရန်ကုန်မှ အမြန်သယ်ယူပြီး ကရိန်းစက်ကြီးများ အသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာနှင့် အင်ဂျင်နီယာချုပ်များရုံးချုပ်မှ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ »»»**



မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲ မြန်မာအမျိုးသမီးအသင်း ရှုံးနိမ့်

**ရန်ကုန်  ဩဂုတ်  ၂၀**

၂၀၁၉ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဩဂုတ် ၂၀ ရက်က ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သည်။

**အဆုံးအဖြတ်ကစား**

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယပွဲပြီးကတည်းက ဆီမီးဖိုင်နယ်သို့ တက်ရောက်ထားပြီးဖြစ်သောကြောင့် ယခုပွဲတွင် ဗီယက်နမ်နှင့် အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ကစားရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို အနိုင်ရမှ အုပ်စုပထမနေရာရယူနိုင်မည်ဖြစ်သော်လည်း မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

**အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်**

မြန်မာအသင်းသည် ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ ရီရီဦး၊ ဝေဝေအောင် စသည့်အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဗီယက်နမ်အသင်းကို ရင်ဆိုင်ခဲ့သည်။ ဗီယက်နမ်အသင်းသည် ပွဲအစသုံးမိနစ်မှာပင် ဖန်ဟိုင်ရန် သွင်းယူသည့် ဂိုးဝင်ခဲ့သောကြောင့် အဖွင့်ဂိုး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

